# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)


၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက် | ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၃၁ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၄)၊ အမှတ် (၀၉၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




# ရန်ကုန်တိုင်းဒေသကြီး၌ ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်အခမ်းအနားကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃၀

ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင်၊ ရန်ကုန်တိုင်းဒေသကြီး ကရင်စာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီ နာယက ဦးစောထွန်းအောင်မြင့်နှင့်ဇနီး၊ ဗဟိုအကြံပေးအဖွဲ့ဝင် ဦးစောဒန်နီရယ်နှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ ကရင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့မှ တာဝန်ရှိသူများနှင့် ကရင်တိုင်းရင်းသား၊ တိုင်းရင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ကရင်အမျိုးသားအလံကို လွှင့်တင်ကာ အလေးပြုကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊

*စာမျက်နှာ ၄ ကော်လံ ၁ ❍*

**ယနေ့ ဖတ်စရာ**



(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့မှသည် ရှေ့သို့ချီမည့် ပန်းတိုင်ဆီ ...

ဆောင်းပါး စာ ၆

ဓမ္မအမှန်ဖြင့် အကြောင်းကောင်းခြင်းမှသည် အကျိုးကောင်းရာဆီ

ဆောင်းပါး စာ ၁၁

၂၀၂၅ ခုနှစ် နှစ်သစ်ကူးအကြို တေးဂီတဖျော်ဖြေပွဲနှင့် မြန်မာ့ရိုးရာဇာတ်သဘင်အဖွဲ့၏ "သဘင်အကနှင့် လှမည့် ည" အစီအစဉ်ဖျော်ဖြေတင်ဆက်ရာ လာရောက်ကြည့်ရှုအားပေးသူများဖြင့် စည်ကား

ပြည်တွင်းသတင်း စာ ၃၂

အကောင်းဆုံးနှစ်သစ်ကို ဖြတ်သန်းဖို့ သန္နိဋ္ဌာန်တွေ ချကြစို့

ဆောင်းပါး စာ ၁၆



# ကျက်သရေမင်္ဂလာအပေါင်း ခညောင်းပြည့်စုံပါစေကြောင်း

ယနေ့သည် ကမ္ဘာသုံးပြက္ခဒိန်နှစ်တစ်နှစ်၏ နောက်ဆုံးနေ့ဖြစ်၍ ညဥ့်လယ်သန်းခေါင်ယံ၏ ဟိုမှာဘက်တွင် နှစ်သစ်တစ်ခု စဦးတော့မည်ဖြစ်သည်။ အနာဂတ်ဆီသို့ တစ်သမတ်တည်း စီးဆင်းနေသည့် အချိန်စီးကြောင်းကြီးကို စက္ကန့်၊ မိနစ်၊ နာရီ၊ ရက်၊ လတို့ ပိုင်းခြားသတ်မှတ်ကာ လူရေး လူမှု လူ့ကိစ္စတို့အတွက် အမှတ်အသားပြု သုံးစွဲနေကြသည့်တိုင် လူတစ်ဦးချင်းစီအတွက် ကိုယ်ပိုင်အချိန်မှာ မွေးသည်မှ သေသည်အထိဖြစ်သော ဘဝဖြစ်တည်ချိန်၊ ရှင်သန်ချိန်သာလျှင် ဖြစ်သည်။ ဗုဒ္ဓ၏ တရားတော်အရဆိုလျှင် ပစ္စုပ္ပန်၏ အခိုက်အတန့်ကလေးများသည်သာ ကောင်းမှု၊ မကောင်းမှုတို့ကို ဆောင်ရွက်နိုင်သည့် ကိုယ်ပိုင်အချိန်ကလေးများဖြစ်ပြီး ပြီးဆုံးသွားသည့်အတိတ်နှင့် ရောက်မလာသေးသည့် အနာဂတ်တို့မှာ မိမိတို့မပိုင်။

"ကာလော ဃသတိ ဘူတာနိ၊ သဗ္ဗာနေဝ သဟတ္တနာ။ ကာလော- အချိန်ကာလသည်၊ သဗ္ဗာနေဝ- အားလုံးကုန်သော၊ ဘူတာနိ - သတ္တဝါတို့ကို၊ အတ္တနာသဟ - အချိန်နှင့်အမျှလျှင်၊ ဃသတိ - စားနေ၏။" ဟု တရားတော်၌ လာရှိရာ မိမိတို့၏ အချိန်ကို မမေ့မလျော့ရန်၊ အလေးဂရုပြုရန်၊ တန်ဖိုးထားရန် တိုက်တွန်းနှိုးဆော်နေခြင်းပင်ဖြစ်သည်။ ဤလောက၌ လူအဖြစ်ကို ရလာခဲ့ကြပြီးသည့်နောက် လူတစ်ဦးနှင့်တစ်ဦးတို့ တန်ဖိုးချင်းမတူ၊ မိမိတို့ကိုယ်တိုင် သတ်မှတ်သည့် တန်ဖိုးများဖြင့် ဘဝကို ရှင်သန်ကြခြင်းဖြစ်ရာ လောကနှင့် လူသားတို့၏အကျိုးကို သယ်ပိုးသူ၊ နိုင်ငံနှင့်လူမျိုး၏ အကျိုးကိုသယ်ပိုးသူ၊ ယင်းသို့ သယ်ပိုးနိုင်စွမ်းရှိစေရန် မိမိကိုယ်ကို ဖြည့်ကျင့်သူတို့မှာ တန်ဖိုးမြင့်မားသော၊ ကြီးမြတ်သောသူများဖြစ်ပြီး ၎င်းတို့ကြောင့် ကမ္ဘာလောကတွင် ကောင်းမြတ်သောတရားများ ဖြစ်ထွန်းရသည်။ အေးချမ်းသာယာရသည်။ "အချင်းတို့... ကိုယ်ကျိုးစီးပွားအတွက် အားမထုတ်မီ မိမိတို့၏ကိုယ် နှုတ် နှလုံးကို ကောင်းအောင် ပြုပါဦးလော့"၊ "လူဖြစ်ကာမတ္တသည် မြတ်နိုးစရာမဟုတ်သေး၊ လူကောင်းဖြစ်ရခြင်းသာ မြတ်နိုးစရာ စင်စစ်ဖြစ်၏" ဟူသော ဂရိပညာရှိကြီး စော့ခရတ္တိ၏ ဟောကြားချက်တို့နှင့်အညီ မိမိ၏ ကိုယ်နှုတ်နှလုံးကို ကောင်းအောင်ပြုပြင်ကာ မြတ်နိုးဖွယ်ရာ လူကောင်းတစ်ဦးအဖြစ် ရှင်သန်သွားကြရမည်လည်းဖြစ်သည်။

မိမိတို့အားလုံး ဖြတ်သန်းခဲ့ကြပြီးဖြစ်သည့် ၂၀၂၄ ခုနှစ်သည် မိမိတို့တစ်ဦးချင်းစီအတွက် အတွေ့အကြုံအမျိုးမျိုး ကွဲပြားခြားနားနေကြမည်ဖြစ်သည်။ လူအချို့အတွက်ဆိုလျှင် မိမိတို့ ဘဝတစ်သက်တာတွင် ကံအကောင်းဆုံးသော ပျော်ရွှင်ဖွယ် နှစ်တစ်နှစ်ပင်ဖြစ်ခဲ့နိုင်သည်။ နိုင်ငံတစ်နိုင်ငံလုံးအတွက် ယေဘုယျအားဖြင့် ခြုံငုံကြည့်ပါလျှင်မူ ခက်ခဲကြမ်းတမ်းသည့် နှစ်တစ်နှစ်ဖြစ်ခဲ့သည်။ သဘာဝဘေးအန္တရာယ် ကျရောက်ခြင်းနှင့် လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားခြင်းတို့ကြောင့် လူ၊ တိရစ္ဆာန်နှင့် ပိုင်ဆိုင်မှုပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးမှု များစွာတို့ကို ပြည်သူများစွာတို့ ကြုံတွေ့ခဲ့ကြရသည်။ ဘေးဒုက္ခခံစားကြရသည့် ပြည်သူများအတွက် ကူညီကယ်ဆယ်မှုများ၊ ပြန်လည်ထူထောင်ပေးမှုများကို အစိုးရနှင့် ပြည်သူတို့ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြရသည်။ အခြားတစ်ဖက်တွင်မူ အဓမ္မဝါဒီ အကြမ်းဖက်အဖျက်အုပ်စုများကား ပြည်သူတို့၏ ဘဝနှင့် ဘေးဒုက္ခများကို ငဲ့ညှာမှု၊ စာနာထောက်ထားမှု မပြုဘဲ နိုင်ငံပြိုကွဲပျက်စီးရေးသို့ဦးတည်သည့် အဖျက်လုပ်ရပ်များကို အင်တိုက်အားတိုက် ပြုလုပ်ခဲ့ကြရာ ယခုအချိန်အထိ အတောမသတ်နိုင်သေး။ မည်သို့ပင်ဆိုစေ နှစ်ဟောင်းတစ်နှစ်ကမူ ကုန်ဆုံးခဲ့ပြီဖြစ်သည်။

မနက်ဖြန်တွင် စတင်ကျရောက်လာမည့် နှစ်သစ်သည် ကျက်သရေမင်္ဂလာအပေါင်း ခညောင်းပြည့်စုံပါစေကြောင်းနှင့် ဆင်းရဲခြင်းသို့ရောက်ကုန်သည့် အလုံးစုံသော သတ္တဝါအပေါင်းတို့သည် ဆင်းရဲမရှိကုန်သည်ဖြစ်ကြပါစေကြောင်း၊ ဘေးအန္တရာယ်ကျရောက်ကုန်သည့် အလုံးစုံသော သတ္တဝါအပေါင်းတို့သည် ဘေးမရှိကုန်သည် ဖြစ်ကြပါစေကြောင်း၊ စိုးရိမ်ခြင်းသို့ရောက်ကုန်သည့် အလုံးစုံသော သတ္တဝါအပေါင်းတို့သည် စိုးရိမ်ခြင်းမရှိကုန်သည် ဖြစ်ကြပါစေကြောင်း နှစ်သစ်ဦးတွင် မေတ္တာပို့သ၍ ဆုမွန်ကောင်းတောင်းလိုက်ရပါကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် လက်နက်ကိုင်ပဋိပက္ခများနှင့် သဘောထားကွဲလွဲမှုများကို ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေး။

၃။ စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ပေါ်လာစေရေးအတွက် တရားမျှတသော၊ သိက္ခာရှိသော၊ နည်းလမ်းကျနမှန်ကန်မှုရှိသော အထွေထွေရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေး။

၄။ ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်သူလူထုတစ်ရပ်လုံး၏ "စုပေါင်းအား" ဖြင့် ဆောင်ရွက်ရေး။

၅။ "ရှေ့သို့ချီမည်ပန်းတိုင်ဆီ" ဆိုသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အမျိုးသားရေး စရိုက်လက္ခဏာနှင့် အမျိုးသားစိတ်ဓာတ် မြင့်တင်ရေးတို့အတွက် ခိုင်မာသည့် ဖွဲ့၊ လုံ့လ၊ ဝီရိယထားပြီး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဖော်ဆောင်ရေး။

## ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း

- ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့မှ စတင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူခဲ့ပြီးဖြစ်ပါသည်။
- ယခုအခါ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ ရှေ့ပြေးလူဦးရေစာရင်းကို (၃၁-၁၂-၂၀၂၄) ရက်နေ့တွင် ထုတ်ပြန်သွားပါမည်။
- စာရင်းအချက်အလက်များ ရယူလိုပါက ပြည်သူ့အင်အားဦးစီးဌာန၏ website www.dop.gov.mm တွင် ရယူနိုင်ပါသည်။

## ၃၀ - ၁၂ - ၂၀၂၄ ရက်နေ့ ဓာတ်သတ္တု (ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၅,၂၈၀,၀၀၀) ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ




## ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်

နေပြည်တော် ဒီဇင်ဘာ ၃၀ - နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

မိုး/ဇလ

မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | စိုးစိုးနိုင် | သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းမှူး | - | မြင့်စိုး | အကြီးတန်း | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| စာတည်းများ | - | ဝင်းကျော်၊ နေဇာဇာထွန်း | သတင်းထောက်များ | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း | - | ဇော်ပိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | | |
| စာပြင် | - | ဇော်မင်းသန်းနှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News Presented by NPE www.mdn.gov.mm



ရန်ကုန်မြို့၏ညအလှ ဓာတ်ပုံ - အောင်ကျော်မိုး

**ဒီမိုကရေစီယဉ်ကျေးမှုဆိုတာ လူတစ်ဦးချင်း (သို့မဟုတ်) အဖွဲ့လိုက်ရဲ့ လိုအင်ဆန္ဒတွေကို ပဋိပက္ခလုပ်မှု၊ အကြမ်းဖက်ဖော်ဆောင်မှုတွေက ရှောင်ရှားပြီး ငြိမ်းချမ်းတဲ့နည်းနဲ့ ဖော်ဆောင်ခြင်းဖြစ်တယ်ဆိုတာကို အမြဲနှလုံးသွင်း ဆောင်ရွက်ကြဖို့လိုပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၁၅-၁၀-၂၀၂၄ ရက်၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၉)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကိုယ်စား ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်ဟောင်း ဒေါက်တာ မန်မိုဟန်ဆင်း ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်စာအုပ်တွင် လက်မှတ်ရေးထိုး



**နေပြည်တော် ဒီဇင်ဘာ ၃၀**

အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်ဟောင်း ဒေါက်တာ မန်မိုဟန်ဆင်းသည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်တွင် ကွယ်လွန်ခဲ့ခြင်းအတွက် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် Park Royal ဟိုတယ်ရှိ အိန္ဒိယသံရုံး၏ ဆက်ဆံရေးရုံး၌ ဖွင့်လှစ်ထားရှိသော ဝမ်းနည်းခြင်းအထိမ်းအမှတ်စာအုပ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးသည် ယနေ့ နံနက်ပိုင်းတွင် သွားရောက် လက်မှတ်ရေးထိုးသည်။

**ကြိုဆိုနှုတ်ဆက်**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးသည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းတည့် ၁၂ နာရီတွင် Park Royal ဟိုတယ်ရှိအိန္ဒိယသံရုံး၏ဆက်ဆံရေးရုံးသို့ ရောက်ရှိရာ အိန္ဒိယသံရုံးမှ ပထမအတွင်းဝန်နှင့် အိန္ဒိယဆက်ဆံရေးရုံးအကြီးအကဲ မစ္စ ရီတူ ရာဒ့ါဗ်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**လက်မှတ်ရေးထိုး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးသည် အိန္ဒိယသံရုံးမှ ပထမအတွင်းဝန်နှင့် အိန္ဒိယဆက်ဆံရေးရုံး အကြီးအကဲ မစ္စရီတူရာဒ့ါဗ်နှင့် တာဝန်ရှိသူများအား ခင်မင်ရင်းနှီးစွာ တွေ့ဆုံ၍ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်ဟောင်း ကွယ်လွန်ခဲ့ခြင်းအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ ဝမ်းနည်းကြောင်း၊ စာနာထောက်ထားကြောင်း သတင်းစကားအား ပြောကြားခဲ့ပြီး ဝမ်းနည်းခြင်းအထိမ်းအမှတ်စာအုပ်၌ လက်မှတ်ရေးထိုးသည်။ (ယာပုံ)

ဒေါက်တာ မန်မိုဟန်ဆင်းသည် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်အဖြစ် ၂၀၀၄ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ဇမ္ဗူသီရိမြို့နယ်အတွင်း အမှုထမ်းအိမ်ရာများ၊ အပျိုဆောင်၊ လူပျိုဆောင်များ တည်ဆောက်နေသည့် ဆောက်လုပ်ရေးလုပ်ငန်းခွင် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၃၀**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင်များနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ်အတွင်း နေပြည်တော်ကောင်စီ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တည်ဆောက်နေသည့် အမှုထမ်းအိမ်ရာများနှင့် အပျိုဆောင်၊ လူပျိုဆောင်များ ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)



ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီရုံးဝင်းအတွင်း နေပြည်တော်ကောင်စီ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တည်ဆောက်နေသည့် ( ၂၂၂ ပေ x ၄၄ ပေ) သံကူကွန်ကရစ် နှစ်ထပ်အဆောက်အဦ အပျိုဆောင်တစ်လုံးတည်ဆောက်နေမှုနှင့် အမှုထမ်းအိမ်ရာ ခြောက်ခန်းတွဲလေးထပ် သံကူကွန်ကရစ်အဆောက်အဦတစ်လုံး တည်ဆောက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ် ဥတ္တရသိဒ္ဓိ ရပ်ကွက်အတွင်း နေပြည်တော်ကောင်စီ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တည်ဆောက်နေသည့် အမှုထမ်းအိမ်ရာ ခြောက်ခန်းတွဲ လေးထပ် (2-Bed) သံကူကွန်ကရစ်အဆောက်အဦ ကိုးလုံး တည်ဆောက်နေမှု၊ ဘောဂသိဒ္ဓိရပ်ကွက်အတွင်း (၂၂၂ ပေ x ၄၄ ပေ) သံကူကွန်ကရစ် နှစ်ထပ်အဆောက်အဦ လူပျိုဆောင်တစ်လုံးတည်ဆောက်နေမှု၊ (၂၂၂ ပေ x ၄၄ ပေ) သံကူကွန်ကရစ် နှစ်ထပ်အဆောက်အဦ အပျိုဆောင်နှစ်လုံး တည်ဆောက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရေရှည်ခိုင်ခံ့ရေး၊ အရည်အသွေးကောင်းမွန်ရေး၊ သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေး၊ သတ်မှတ်ကာလအတွင်း ပြီးစီးရေးတို့ကို အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ အမျိုးသားပရဆေးဥယျာဉ်သို့ သွားရောက်၍ ပရဆေးဥယျာဉ်အတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု၊ ဆေးဖက်ဝင်ပရဆေးပျိုးပင်များ ပြုစုထိန်းသိမ်းထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီးအမျိုးသားပရဆေးဥယျာဉ်အား ပြည်သူလူထုအနေဖြင့် တိုင်းရင်းဆေးပညာဆိုင်ရာ ဗဟုသုတရရှိစေပြီး အပန်းဖြေစေနိုင်သည့် ဥယျာဉ်ကြီးတစ်ခုဖြစ်စေရေး ဆောင်ရွက်သွားရန်၊ သန့်ရှင်းသာယာလှပရေးကို အမြဲမပြတ် ဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနပေါင်းစုံအားကစားပြိုင်ပွဲတွင် တံခွန်စိုက်ဆုဖလားရယူပေးခဲ့သည့် ကာကွယ်ရေးဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်



**နေပြည်တော် ဒီဇင်ဘာ ၃၀**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ဝန်ကြီးဌာန ပေါင်းစုံ အားကစားပြိုင်ပွဲများတွင် တံခွန်စိုက်ဆုဖလားရယူပေးခဲ့ကြ သည့် ကာကွယ်ရေးဝန်ကြီးဌာန ကိုယ်စားပြုအားကစားသမားများ အား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်း အနားကို ယနေ့ နံနက်ပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်း အဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည် ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေး ဝန်ကြီးဌာန အားကစားအောင်နိုင် ရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး၊ တပ်မတော် အရာရှိကြီးများ၊ တာဝန်ရှိသူများနှင့် ဝန်ကြီးဌာန ပေါင်းစုံ အားကစားပြိုင်ပွဲများ တွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနကိုယ်စား ပြု အားကစားသမားများ၊ နည်းပြ များ၊ အုပ်ချုပ်သူများ တက်ရောက် ကြသည်။

**ဆက်လက်ကြိုးစား**

ဦးစွာ ပြည်ထောင်စုဝန်ကြီး က ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ဝန်ကြီးဌာန ပေါင်းစုံ အားကစားပြိုင်ပွဲများ၌ ကာကွယ်ရေးဝန်ကြီးဌာနကိုယ်စား ပြု အားကစားသမားများအနေ ဖြင့် တံခွန်စိုက်ဆုဖလား ရယူပေး နိုင်ခဲ့ကြသည့်အတွက် ဝမ်းသာ ဂုဏ်ယူပီတိ ဖြစ်ရပါကြောင်း၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲများ တွင် ဝန်ကြီးဌာန စံချိန်သစ်နှင့် မြန်မာပြည်စံချိန်သစ်များ တင်နိုင် ခဲ့သည့်အတွက်လည်း မှတ်တမ်း တင်ဂုဏ်ပြုအပ်ပါကြောင်း၊ နိုင်ငံ တစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု ကို အားကစားအောင်မြင်မှုနှင့် နှိုင်းယှဉ်သုံးသပ်နိုင်သည်ကို တွေ့ရ ပါကြောင်း၊ မိမိတို့၏ ကြိုးစားမှု ရလဒ်များက ကာကွယ်ရေးဝန်ကြီး ဌာနအတွက်၊ တပ်မတော်အတွက် ဂုဏ်မြှင့်စေသကဲ့သို့ ဝန်ကြီးဌာန အဆင့်မှသည် နိုင်ငံတော် က အားကိုးအားထားပြုရသည့် အားကစား သမားကောင်းများ ဖြစ်အောင် ကြိုးစားကြရမည် ဖြစ်ပါကြောင်း၊ "အားကစား မြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ် စောင့်ရှောက်နေခြင်း ဖြစ်ပါသည်" ဆိုသည့် ဆောင်ပုဒ် နှင့်အညီ မိမိတို့၏ ကြိုးစား အားထုတ်မှုတိုင်းသည် နိုင်ငံ တော်အတွက် ဖြစ်သည်ဆိုသည့် စိတ်ဓာတ်ကိုမွေးမြူပြီး ဆက်လက် ကြိုးစားကြရန်လိုကြောင်း ပြော ကြားသည်။ **(အပေါ်ပုံ)**

**လွှဲပြောင်းပေးအပ်**

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီးက ကာကွယ်ရေးဝန်ကြီး ဌာနကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ခဲ့ ကြသည့် ဆုရအားကစားအသင်း များကို ဂုဏ်ပြုချီးမြှင့်ငွေများ ချီးမြှင့် ပေးအပ်ပြီး အောင်ပွဲရအားကစား အသင်းများမှ လွှဲပြောင်းပေးအပ် သည့်တံခွန်စိုက်ဆုဖလားကြီးအား လက်ခံရယူသည်။

**တည်ခင်းဧည့်ခံ**

ထို့နောက် ကာကွယ်ရေး ဝန်ကြီးဌာန ကိုယ်စားပြု အားကစားသမားများ ကိုယ်စား အားကစားသမား တစ်ဦးက ကျေးဇူးတင်စကား ပြန်လည် ပြောကြားပြီး ဂုဏ်ပြုပွဲသို့ တက်ရောက်လာကြသည့် ဧည့် သည်တော်များနှင့် အောင်ပွဲရ အားကစားသမားများကို ဂုဏ်ပြု လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်း ဧည့်ခံသည်။

ကာကွယ်ရေး ဝန်ကြီးဌာန ကိုယ်စားပြု အားကစားအသင်း များအနေဖြင့် ဝန်ကြီးဌာနပေါင်းစုံ အားကစားနည်း ခြောက်မျိုးစလုံး တွင် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ရွှေ ၁၄ ခု၊ ငွေ ၁၀ ခု၊ ကြေး ၁၀ ခု စုစုပေါင်း ဆုတံဆိပ် ၃၄ ခု ဆွတ်ခူးရရှိခဲ့၍ ဝန်ကြီးဌာနပေါင်းစုံ တံခွန်စိုက်ဆု ဖလားရရှိခဲ့ခြင်းဖြစ်ကြောင်း သိရ သည်။ **သတင်းစဉ်**





**❍ ရှေ့ဖုံးမှ**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယ ဝန်ကြီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟို အကြံပေးအဖွဲ့ခေါင်းဆောင်နှင့် တိုင်းရင်းသားရေးရာ ဝန်ကြီးတို့က ဖားစည် ကိုးချက်တီးပြီး ကရင်လူငယ် ကိုးဦးက ကျွဲချိုမှုတ်၍ အခမ်းအနားကို ဖွင့်လှစ်ပေး ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင် မြင့်က ကရင်နှစ်သစ်ကူး နှုတ်ခွန်းဆက် အဖွင့်အမှာ စကား ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးက ကရင်အမျိုးသားနှစ်သစ်ကူးနေ့အကြောင်း ရှင်းလင်း တင်ပြသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် ပဲခူးရိုးမတောင်ပေါ်နေ ကရင်လူမျိုး များ၏ ကရင်ရိုးရာ အိုးစည်အက၊ ကွမ်းခြံကုန်းမြို့နယ် ကရင်ရိုးရာဒုံးအက၊ မှော်ဘီမြို့နယ် ကရင်ရိုးရာ ဝါးညှပ်အက၊ မှော်ဘီမြို့နယ် ကရင်ရိုးရာကြိုးကျစ် အက၊ ကွမ်းခြံကုန်းနှင့် ကော့မှူးမြို့နယ် ရှားလဖလုံ (လူပျိုကြီးဒုံး)အကနှင့် မှော်ဘီမြို့နယ် ကရင်ရိုးရာ ဒုံးအကဖြင့် ဖျော်ဖြေတင်ဆက်ကြရာ တက်ရောက် လာကြသည့် ဧည့်သည်တော်များက ကြည့်ရှုအားပေး ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းသည့် အလှူငွေကျပ် သိန်း ၁၅၀ ကို ပေးအပ် လှူဒါန်းရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် ပျော်ပွဲရွှင်ပွဲများဖြစ်ကြသည့် ခေါင်းအုံးရိုက်ပြိုင်ပွဲ၊ ချောတိုင်တက်ပြိုင်ပွဲနှင့် လက်ဝှေ့ပြိုင်ပွဲများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိ သည်။ **ဇော်မင်းလတ်-MNA**

## လှည်းကူးပညာရေးဒီဂရီကောလိပ်၌ ဥပဒေဆိုင်ရာ အခြေခံများပို့ချ

**လှည်းကူး ဒီဇင်ဘာ ၃၀**



ရန်ကုန်တိုင်းဒေသကြီး လှည်းကူး မြို့နယ် ပညာရေးဝန်ကြီးဌာန ဆရာအတတ် ပညာဦးစီးဌာန လှည်းကူးပညာရေးဒီဂရီကောလိပ် ပညာ့အားမာန်ခန်းမ၌ ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥပဒေနှင့် ပတ်သက်၍ ဥပဒေဆိုင်ရာအခြေခံ များ သင်ကြားပို့ချခြင်းကို ဒီဇင် ဘာ ၂၉ ရက်က ကျင်းပသည်။

ထိုသို့ သင်ကြားပို့ချရာတွင် လှည်းကူးခရိုင် ဒု-ခရိုင်ဥပဒေ အရာရှိ ဒေါ်စောယုဝေက ဖွဲ့စည်း ပုံအခြေခံဥပဒေ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥပဒေ နှင့် ပတ်သက်သော ဥပဒေဆိုင်ရာ အခြေခံ အကြောင်းများကို သင်ကြားပို့ချသည်။

အဆိုပါသင်တန်းသို့ လှည်း ကူး ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါ်အေးအေး လွင်၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၉၅၅ ဦး တက်ရောက် လေ့လာကြပြီး သင်ကြားပို့ချချက် ဉာဏ်စမ်း မေးခွန်းများလည်း မေးမြန်းဖြေဆိုခဲ့ရာ အဖြေမှန်သူ များအား တာဝန်ရှိသူများက ဆု လက်ဆောင်များကို ချီးမြှင့်သည်။

ထိုသို့ ဥပဒေဆိုင်ရာအသိ ပညာများ သင်ကြားပို့ချခြင်းကို ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွင်း တစ်လလျှင် စာသင်ချိန် နှစ်ချိန် သင်ကြားပို့ချမည် ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲကျင်းပ

**ဒဂုံတောင် ဒီဇင်ဘာ ၃၀**

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြု သောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်တွင် ကျန်းမာရေးဦးစီးဌာနနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း ၍ သားကောင်းမိခင်နှင့်ကလေးပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီက မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက် ရေးအသင်းရုံး၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲကို မိခင်နှင့်ကလေးများ၏ လူနေ မှုဘဝ အဆင့်အတန်းမြင့်မားလာစေရေးအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ကိုယ်အလေးချိန်တိုင်းတာ ခြင်း၊ အရပ်တိုင်းခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းခြင်း ရှိ/ မရှိနှင့် ကျန်းမာရေးကောင်းမွန်ခြင်း ရှိ/မရှိစိစစ်ခြင်း၊ လအလိုက် ကာကွယ်ဆေးထိုးနှံပေးမှုနှင့် ကျန်းမာ ရေးဗဟုသုတများကို မေးမြန်းစစ်ဆေးခြင်း စသည် တို့ဖြင့် အကဲဖြတ်အမှတ်ပေးကာ ပထမ၊ ဒုတိယ၊ တတိယနှင့် ဆုများနှင့် အမှတ်တရလက်ဆောင် ပစ္စည်းများ ပေးအပ်သည်။

အခမ်းအနားသို့ ဒဂုံမြို့သစ်ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်အေးအေးမော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစန်းလွင်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန မှူး ဒေါက်တာသုဝေနှင့် ဝန်ထမ်းများ၊ မြို့နယ်ကုသ ရေးဦးစီးဌာနမှူး ဒေါက်တာသန်းနိုင်လင်းနှင့် အဖွဲ့ဝင် များ တက်ရောက်ကြကြောင်း သိရသည်။

**နေမျိုးအောင် (ဒဂုံတောင်)**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် မြောင်းမြမြို့ မြစိမ်းရောင်တောင်တော်တွင် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အလံတင်အခမ်းအနားတက်ရောက် ပွဲညှက်စမ်းကျေးရွာမှ ကုန်းသာလမ်းဆုံသို့ ဆက်သွယ်သည့် ဂဝံမြေနီလမ်းဖွင့်လှစ်

**ပုသိမ် ဒီဇင်ဘာ ၃၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ယနေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ် မြစိမ်းရောင်တောင်တော်တွင် ကျင်းပပြုလုပ်သည့် (၈၇) နှစ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အလံတင်အခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ ကရင်အမျိုးသားအလံအား သယ်ယူရေးအဖွဲ့က သယ်ယူပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်က ဖားစည် ကိုးချက်တီး၍ အခမ်းအနားကို ဖွင့်လှစ်ကာ မင်္ဂလာဖားစည်အား အမွှေးနံ့သာဖြင့် ပက်ဖျန်းပေးသည်။

ထို့နောက် ကရင်အမျိုးသားအလံအား လွှင့်တင်ခြင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုခြင်းနှင့် ကရင်အမျိုးသား အလံအား အလေးပြုခြင်းများ ဆောင်ရွက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က နှစ်သစ်နှုတ်ခွန်းဆက်စကားပြောကြားပြီး ကရင်အမျိုးသားသီချင်းကို သီဆို၍ အခမ်းအနားကို ရုပ်သိမ်းကာ ကရင်ဒုံးယိမ်းအဖွဲ့များ၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ မြောင်းမြမြို့နယ် ပွဲညှက်စမ်းကျေးရွာမှ ကုန်းသာလမ်းဆုံသို့ ဆက်သွယ်သည့် ဂဝံမြေနီလမ်း ဖွင့်ပွဲအခမ်းအနားကို ပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းနိုင်နှင့် မတည်အလှူရှင် ဦးမျိုးဝင်းအောင်တို့က လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး**(ယာပုံ)** စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကာ ဂဝံလမ်းသစ်ကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် (၈၇) နှစ်မြောက် ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်ကို ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ကရင်ရိုးရာယဉ်ကျေးမှုဒုံးအဖွဲ့က ဂုဏ်ပြုကပြဖျော်ဖြေပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ဖားစည်ကိုးချက်တီး၍ အခမ်းအနားကို ဖွင့်လှစ်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော ကရင်အမျိုးသား နှစ်သစ်ကူးနေ့ သဝဏ်လွှာကို ဖတ်ကြားသည်။



ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားပြောကြားပြီး ဗုဒ္ဓဘာသာဘုန်းတော်ကြီးများကိုယ်စား မြောင်းမြမြို့ ဇေယျမေဒနီကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဂုဏာဘိရတနှင့် ခရစ်ယာန်ဘာသာရေးခေါင်းဆောင်များကိုယ်စား ဘုန်းတော်ကြီး ဟင်နရီ မန်းအိုင်ခလိန်တို့က နှစ်သစ်နှုတ်ခွန်းဆက် စကားများ ပြောကြား၍ ဆုတောင်းမေတ္တာများ ပို့သကာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှ ပေးပို့သော ကရင်အမျိုးသား နှစ်သစ်ကူးနေ့ သဝဏ်လွှာအား ဧရာဝတီတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းခယ်က ဖတ်ကြားပြီး တိုင်းဒေသကြီး ကရင်စာပေနှင့်ယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌက ကရင်နှစ်သစ်ကူးနေ့အကြောင်း သိကောင်းစရာများနှင့် ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီးတို့က နိုင်ငံတော်အဆင့် ထူးချွန်ဆုရ ကရင်တိုင်းရင်းသား၊ ကရင်တိုင်းရင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြပြီး ကရင်အမျိုးသားတေးသီချင်းအား စုပေါင်းဂုဏ်ပြုသီဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

## ရန်ကုန်မြို့၌ ကရင်နှစ်သစ်ကူးပွဲတော် ရိုးရာလက်ဝှေ့ပြိုင်ပွဲများ ကျင်းပ





**ရန်ကုန် ဒီဇင်ဘာ ၃၀**

၂၇၆၄ ခုနှစ် ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော် ကျင်းပရေး ကော်မတီ ဦးစီးကော်မတီနှင့် မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်သည့် ကရင်နှစ်သစ်ကူးပွဲတော် ရိုးရာလက်ဝှေ့ ပြိုင်ပွဲများကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ သာကေတမြို့နယ် ပြည်ထောင်စု တိုင်းရင်းသား ကျေးရွာ၌ ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲများတွင် ကလပ်များမှ လက်ဝှေ့ကစားသမားများက နှစ်ချီပွဲ ၁၄ပွဲ၊ သုံးချီပွဲ သုံးပွဲ၊ လေးချီပွဲသုံးပွဲ၊ ငါးချီပြိုင်ပွဲ တစ်ပွဲ ယှဉ်ပြိုင်ကျင်းပခဲ့ရာ တိုင်းရင်းသားလူမျိုးများ ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစောဂျက်ကော့ထူး၊ ကရင်အမျိုးသား နှစ်သစ်ကူး ပွဲတော်ကျင်းပရေး ကော်မတီ ဦးစီးကော်မတီမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ အမှုဆောင်များ၊ လက်ဝှေ့ဝါသနာရှင်များ ကြည့်ရှုအားပေးသည်။**(ဝဲပုံ)**

ထို့ပြင် ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်တွင် ပျော်ပွဲရွှင်ပွဲများအဖြစ် ခေါင်းအုံးရိုက်ပြိုင်ပွဲ၊ ချောတိုင်တက်အားကစားပြိုင်ပွဲများ ကျင်းပပြီး အမှတ်တရပစ္စည်းများနှင့် ရိုးရာအစားအစာများ ရောင်းချခဲ့ကြောင်း သိရသည်။

**အာကာစိုး**

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး

# (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့မှသည် ရှေ့သို့ချီမည် ပန်းတိုင်ဆီ ...

• • • • မောင်ကမ္ဘာ • • • •

မြန်မာ့လွတ်လပ်ရေးဖိသုကာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက **“လွတ်လပ်ရေးရတယ်ဆိုတဲ့ကိစ္စဟာ လွယ်တဲ့ကိစ္စမဟုတ်ဘူး။ လွတ်လပ်ရေးရရုံနဲ့ ကျုပ်တို့ပြဿနာတွေဖြေရှင်းသွားကြမှာမဟုတ်ဘူး။ အဲဒီအခါကျမှ တကယ့်ပြဿနာတွေ ပေါ်လာလိမ့်မယ်။ လွတ်လပ်ရေးဟာ လမ်းဆုံးမဟုတ်ဘဲ လူတွေရဲ့ကောင်းစားရေးကိုရောက်စေမယ့် လမ်းကြောင်းသာဖြစ်တယ်”** ဟု မိန့်ကြားခဲ့ဖူးပါသည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ရှေးမွန်မဆွက ကြိုတင်တွက်ချက်ခန့်မှန်းထားသကဲ့သို့ပင် ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် ဗြိတိန်၊ ပြင်သစ်၊ စပိန်၊ ပေါ်တူဂီ၊ ဒတ်ချ်စသည့် ကိုလိုနီနယ်ချဲ့တို့ထံမှ လွတ်လပ်ရေးရရှိခဲ့ကြသော မြန်မာနိုင်ငံအပါအဝင် ထွန်းသစ်စနိုင်ငံတိုင်းလိုလိုပင် လွတ်လပ်ရေးရမှ တကယ့်ပြဿနာပေါင်းစုံနှင့် နဖူးတွေ့ဒူးတွေ့ရင်ဆိုင်ကြုံတွေ့ကြရတော့သည်။

ကိုလိုနီနယ်ချဲ့နိုင်ငံကြီးများသည် နယ်ချဲ့သမားများပီပီ သွေးခွဲအုပ်ချုပ်ရေးပေါ်လစီ (Policy of Divide and Rule)ကိုကျင့်သုံးပြီး အချင်းချင်းကြားသွေးခွဲသပ်လျှိုရန်တိုက်ပေးခဲ့ကြသည့်အတွက် ထွန်းသစ်စနိုင်ငံငယ်များမဆိုထားဘိ အိန္ဒိယနိုင်ငံကဲ့သို့သော နိုင်ငံကြီးများပင် ဘာသာရေး၊ လူမျိုးရေး ပဋိပက္ခများကြောင့် အပိုင်းလိုက်ကွဲထွက်သွားခဲ့သည်။ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများက



ရှေးခေတ်ခမာအင်ပါယာ ရေတပ်သားတို့၏ ရဲစွမ်းသတ္တိကိုဖော်ပြသည့် ကမ္ဘောဒီးယားနိုင်ငံ၏ နဂါးလှေသဘင်ပွဲတော်ကို ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁၆ ရက်ကကျင်းပရာ ပြည်တွင်းပြည်ပခရီးသွားများ စည်ကားစွာတွေ့ရစဉ်။

- ❖ **ပြင်သစ်ကိုလိုနီနယ်ချဲ့လက်အောက်မှ လွတ်မြောက်ခဲ့သည့် ကမ္ဘောဒီးယားနိုင်ငံသည်လည်း ဆယ်စုနှစ်နှင့်ချီပြီး ဖြစ်ပွားခဲ့သည့် လက်နက်ကိုင်ပဋိပက္ခကြောင့် သန်းပေါင်းများစွာသောပြည်သူများသေကျေပျက်စီးခဲ့ကြရပြန်သည်။ အင်ဒိုနီးရှား၊ လာအိုနိုင်ငံတို့တွင်လည်း ဝါဒရေးရာကွဲပြားမှုများမှတစ်ဆင့် ပေါ်ပေါက်ခဲ့သော လက်နက်ကိုင်ပဋိပက္ခများကြောင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များစွာ ပျက်စီးဆုံးရှုံးခဲ့ကြရ**
- ❖ **သို့တစေ ယနေ့မျက်မှောက်ကာလတွင်မူ အဆိုပါဒေသတွင်းနိုင်ငံများသည် အတိတ်ကာလက သမိုင်း၏ဆိုးမွေများကို သမိုင်းသင်ခန်းစာရယူခဲ့ကြပြီး နာကြည်းမုန်းတီးမှုများကို ခဝါချ၍ အခြားကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ရန် ကျားကုတ်ကျားခဲ ကြိုးပမ်းတည်ဆောက်လျက်ရှိ**

အိန္ဒိယနိုင်ငံမှခွဲထွက်ပြီး နိုင်ငံသစ်ထူထောင်ခဲ့ကြသည်။ ခွဲထွက်ပြီးနောက်ပိုင်းတွင်လည်း အိန္ဒိယ-ပါကစ္စတန်နှစ်နိုင်ငံတို့သည် စစ်ပွဲများ အကြိမ်ကြိမ်ဖြစ်ပွားခဲ့ကြပြန်သည်။

ပြင်သစ်ကိုလိုနီနယ်ချဲ့ လက်အောက်မှ လွတ်မြောက်ခဲ့သည့် ဗီယက်နမ်နိုင်ငံသည်လည်း တောင်၊ မြောက် နှစ်ပိုင်းကွဲပြီး အချင်းချင်းစစ်ခင်းကြရာမှ ကိုလိုနီနယ်ချဲ့လက်သစ် အမေရိကန်၏ ဝင်ရောက်စွက်ဖက်မှုနှင့်အတူ ဗီယက်နမ် - အမေရိကန်စစ်ပွဲကြီး ထပ်မံဖြစ်ပွားခဲ့ပြီး နိုင်ငံမှာလည်း ထောင်းလမောင်းကြေမွပျက်စီးကျန်ရစ်ခဲ့ရသည်။

ထို့အတူ ပြင်သစ်ကိုလိုနီနယ်ချဲ့လက်အောက်မှလွတ်မြောက်ခဲ့သည့် ကမ္ဘောဒီးယားနိုင်ငံသည်လည်း ဆယ်စုနှစ်နှင့်ချီပြီး ဖြစ်ပွားခဲ့သည့် လက်နက်ကိုင်ပဋိပက္ခကြောင့် သန်းပေါင်းများစွာသောပြည်သူများ သေကျေပျက်စီးခဲ့ကြရပြန်သည်။ အင်ဒိုနီးရှား၊ လာအိုနိုင်ငံတို့တွင်လည်း ဝါဒရေးရာကွဲပြားမှုများမှတစ်ဆင့် ပေါ်ပေါက်ခဲ့သော လက်နက်ကိုင်ပဋိပက္ခများကြောင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များစွာ ပျက်စီးဆုံးရှုံးခဲ့ကြရလေသည်။

သို့တစေ ယနေ့မျက်မှောက်ကာလတွင်မူ အဆိုပါဒေသတွင်းနိုင်ငံများသည် အတိတ်ကာလက သမိုင်း၏ဆိုးမွေများကို သမိုင်းသင်ခန်းစာရယူခဲ့ကြပြီး နာကြည်းမုန်းတီးမှုများကို ခဝါချ၍ အခြားကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ရန် ကျားကုတ်ကျားခဲ ကြိုးပမ်းတည်ဆောက်လျက်ရှိကြသည်။

**မျက်မှောက်ကာလတွင် ဖွံ့ဖြိုးတိုးတက်မှု**

ခမာနီတို့လက်ထက်တွင် ပြည်သူသန်းပေါင်းများစွာ အသတ်ခံခဲ့ရပြီး Killing Fields အဖြစ်နာမည်ဆိုးဖြင့် ကျော်ကြားခဲ့သော ကမ္ဘောဒီးယားနိုင်ငံသည် ယနေ့မျက်မှောက်ကာလတွင် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိလာသည်။ ၂၀၂၅ ခုနှစ်အတွင်း စီးပွားရေးတိုးတက်မှုနှုန်း ၆ ဒသမ ၃ ရာခိုင်နှုန်း၊ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၅၁ ဒသမ ၃၉ ဘီလီယံနှင့် နိုင်ငံသားတစ်ဦးချင်း ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး ၂၈၂၄ ဒေါ်လာအထိ တိုးမြင့်လာရန် မျှော်မှန်းထားကြောင်းသိရသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးသည် အထည်ချုပ်၊ ဖိနပ်နှင့် ခရီးသွားကုန်ပစ္စည်းတင်ပို့မှု၊ ဆောက်လုပ်ရေးနှင့် အိမ်ခြံမြေ၊ ခရီးသွားလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းတို့အပေါ် အခြေခံထားသည်။ ခရီးသွားလုပ်ငန်းအနေဖြင့် ယခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအတွင်း နိုင်ငံတကာခရီးသွားဧည့်သည် ခြောက်သန်းကျော် စံချိန်တင်ဝင်ရောက်ခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် နိုင်ငံတကာခရီးသွားဝင်ရောက်မှု ၂၂ ရာခိုင်နှုန်းတိုးတက်လာသည်ဟု ဆိုသည်။

ဗီယက်နမ်နိုင်ငံအနေဖြင့်မူ ယခုနှစ်ပထမ ၁၀ လတာအတွင်း နိုင်ငံတကာခရီးသွားဧည့်သည် ၁၄ ဒသမ ၁ သန်းဝင်ရောက်ခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၄၁ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်လာသည်ဟု ဆိုသည်။

အိမ်နီးချင်း ထိုင်းနိုင်ငံသို့ ယခုနှစ်နိုဝင်ဘာလ လယ်အထိ နိုင်ငံခြားခရီးသွားဧည့်သည် ၃၀ ဒသမ ၅၆ သန်းကျော် စံချိန်တင်ဝင်ရောက်ခဲ့ပြီး ဝင်ငွေအားဖြင့် ဘတ် ၁ ဒသမ ၄၃ ထရီလီယံ(အမေရိကန်ဒေါ်လာ ၄၁ ဒသမ ၄၀ ဘီလီယံခန့်)ရရှိခဲ့ကြောင်း၊ ယခုနှစ်တစ်နှစ်တာပတ်လုံးအတွက် ခရီးသွားလုပ်ငန်းမှဝင်ငွေပမာဏ ဘတ် ၃ ဒသမ ၅ ထရီလီယံ (အမေရိကန်ဒေါ်လာ ၁၀၁ ဒသမ ၃၃ ဘီလီယံခန့်) ရရှိနိုင်ရန် မျှော်မှန်းထားသည်ဟု ဆိုသည်။

ဒေသတွင်းကုန်းတွင်းပိတ် နိုင်ငံဖြစ်သည့် လာအိုနိုင်ငံသည်လည်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့က စတင်ဖွင့်လှစ်ခဲ့သည့် တရုတ်-လာအို ရထားလမ်းမှတစ်ဆင့် နိုင်ငံတကာကုန်သွယ်မှုနှင့် စီးပွားရေးဖလှယ်မှုများကို မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

အင်ဒိုနီးရှားနိုင်ငံကလည်း ယခုနှစ်ဒီဇင်ဘာလအတွင်းမှာပင် Apple ကုမ္ပဏီ၏ အမေရိကန်ဒေါ်လာ တစ်ဘီလီယံရင်းနှီးမြှုပ်နှံမှုကို သဘောတူခဲ့သလို အင်ဒိုနီးရှား၏ စွမ်းအင်ဖူလုံမှုရှိစေရေးအတွက်လည်း နျူကလီးယားစွမ်းအင်သုံးစွဲမှုမြှင့်တင်သွားမည်ဟုဆိုသည်။ နျူကလီးယားစွမ်းအင်မြှင့်တင်ရေးစီမံကိန်းအရ မဂ္ဂါဝပ် ၂၅၀ မှ မဂ္ဂါဝပ် ၅၀၀ အထိရှိသော အသေးစားနျူကလီးယားဓာတ်အားပေးစက်ရုံတစ်ခု တည်ဆောက်မည်ဟု သိရသည်။

**တဝဲဝဲတလည်လည်**

အင်ဒိုနီးရှားနိုင်ငံပြီးလျှင် ဒေသတွင်းဒုတိယအကြီးဆုံးနိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့်မူ နဂိုရှိရင်းစွဲအရင်းအမြစ်များ၊ အခွင့်အလမ်းကောင်းများကို ကောင်းစွာအသုံးမချနိုင်ဘဲ လွတ်လပ်ရေးနှင့်အတူ ယှဉ်တွဲပေါ်ပေါက်ခဲ့သော လက်နက်ကိုင်ပဋိပက္ခဝဲဩဃအတွင်းမှ ယခုတိုင်ရုန်းမထွက်နိုင်ဘဲ တဝဲဝဲတလည်လည်ဖြစ်နေသေးသည့်အတွက် ဒေသတွင်း အခြားနိုင်ငံများထက် ရှိသင့်ရှိထိုက်၊ ဖြစ်သင့်ဖြစ်ထိုက်သော အခွင့်အလမ်းကောင်းများကို လက်လွတ်ဆုံးရှုံးနေဆဲဟု ဆိုရမည်ဖြစ်သည်။

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*



မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ တင်ပို့မည့် ဆန်စပါးများအား သင်္ဘောပေါ်သို့ တင်ဆောင်နေမှုကို တွေ့ရစဉ်။

*** ကမ္ဘာပေါ်တွင် သတ္တမမြောက်ဆန်အများဆုံးထုတ်လုပ်သော နိုင်ငံဖြစ်သည့်အတွက် မြန်မာနိုင်ငံသည် ဒေသတွင်းစားရေရိက္ခာဖူလုံရေးအတွက် အာရှတွင် အဓိကကျသည့် အခန်းကဏ္ဍ၌ ပါဝင်နေ**

*** သို့ဖြစ်ရကား "ရှေ့သို့ချီမည်ပန်းတိုင်ဆီ"ဆောင်ပုဒ်အတိုင်း နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အမျိုးသားရေးစရိုက်လက္ခဏာနှင့် အမျိုးသားရေးစိတ်ဓာတ်မြှင့်တင်ရေးတို့အတွက် ခိုင်မာသည့် ဇွဲ၊ လုံ့လ၊ ဝီရိယတို့ထားပြီး စည်းလုံးညီညွတ်စွာဖြင့်ကြိုးပမ်းဆောင်ရွက်ရေး စသည့် ၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက် (၅)ရပ်နှင့်အညီ အမိနိုင်ငံတော်ကြီးအေးချမ်းသာယာဝပြောရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ဦးထမ်းပဲ့ထမ်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်**

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက **"တိုင်းပြည်ပြန်လည်ထူထောင်ရာမှာ အခုရှုရှား ပြည်သစ်တည်ခါစကလို၊ အခု ဘီလပ်မှာဖြစ်နေသလို လူတွေဟာ အင်မတန်ခြိုးခြံသည်းခံပြီး ဖွဲနပဲနဲ့ စိစစ်ဆောင်ရွက်လုပ်ကိုင်နိုင်မှ တော်ကာကျပြီး ပြာပုံအတိဖြစ်နေတဲ့ မြန်မာပြည်ကြီးကို စည်ပင်သာယာဝပြောအောင် မနည်းကျုပ်တို့လုပ်ရလိမ့်မယ်ဆိုတာကို ကျုပ်တို့ဟာ လူထုခေါင်းဆောင်တွေဆိုလို့ရှိရင် လူထုနားလည်အောင် ရှေ့ဆောင်ဟောပြောညွှန်ပြပြီး သတ္တိရှိရှိလုပ်ပြရလိမ့်မယ်"**လို့ မိန့်ကြားခဲ့သော်ငြား ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အာဏာရပါတီ၏ မဲမသမာမှုများကို အကြောင်းပြု၍ နိုင်ငံရေးအကျပ်အတည်းတစ်ရပ် ထပ်မံပေါ်ပေါက်လာခဲ့ပြန်ပါသည်။

**လက်နက်ကိုင်ပဋိပက္ခများ တစ်ကျော့ပြန်**

တပ်မတော်က ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အရေးပေါ်ကာလပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်၏အာဏာကိုထိန်းသိမ်းခဲ့ပြီးနောက်ပိုင်းကာလတွင်လည်း ပြည်ပနိုင်ငံကြီးအချို့နှင့် ပြည်ပသြဇာခံအဖွဲ့အစည်းများ၊ သောင်းကျန်းသူအကြမ်းဖက်အဖွဲ့များက အခွင့်ကောင်းအဖြစ်ယူဆပြီး တိုက်ကွက်များဖော်ဆောင်လာမှုကြောင့် လက်နက်ကိုင်ပဋိပက္ခများ တစ်ကျော့ပြန် ပြန်လည်ဖြစ်ပွားလာခဲ့ပြန်သည်။ တစ်ကျော့ပြန်လက်နက်ကိုင်ပဋိပက္ခများကြောင့် နိုင်ငံတော်ကနှစ်ရှည်လများ ကြိုးပမ်းတည်ဆောက်ထားခဲ့သော လမ်း၊ တံတား၊ ဆက်သွယ်ရေးအခြေခံအဆောက်အအုံများစွာ၊ နိုင်ငံပိုင်၊ ပြည်သူပိုင်အဆောက်အအုံများနှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များစွာ ပျက်စီးဆုံးရှုံးခဲ့ရပြန်သည်။

မျက်မှောက်ကာလတွင် ရင်ဆိုင်ကြုံတွေ့နေရသော စိန်ခေါ်မှုများ၊ အခက်အခဲ အကျပ်အတည်းများကိုကျော်လွှားနိုင်ရန် မြန်မာနိုင်ငံသား တိုင်းရင်းသားပြည်သူများအနေဖြင့် ဒေသတွင်းနိုင်ငံများနည်းတူ အသိဉာဏ်ပညာ၊ ဆင်ခြင်တုံတရားနှင့်ယှဉ်၍ အတိတ်ကာသမိုင်း၏ ဆိုးမွေများကို သမိုင်းသင်ခန်းစာအဖြစ်ရယူပြီး တစ်မျိုးသားလုံးစုစုစည်းစည်း ညီညီညွတ်ညွတ်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းမှန်အပေါ် အမြန်ဆုံးပြန်လည်ကြိုးပမ်းလျှောက်လှမ်းကြရပါမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုဝင်ဘာလ ၂၇ ရက်နေ့က နေပြည်တော်၌ပြုလုပ်သည့် ဘဏ္ဍာရေးဆိုင်ရာ အစည်းအဝေးတွင် **"နိုင်ငံတော်၏ GDP တိုးတက်လာမည်ဆိုပါက ဘတ်ဂျက်ပိုမို အသုံးပြု၍ရနိုင်မည်ဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ GDP သည် အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများထက် လျော့ပါးလျက်ရှိသည်ကိုတွေ့ရ၍ GDP တိုးတက်လာရေး ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း"** ပြောကြားခဲ့ပါသည်။

**ပဒေသာပင် မြေကြီးမှမပေါက်နိုင်**

တစ်ဆက်တည်းမှာပင် နိုင်ငံတော်အကြီးအကဲက **"ပဒေသာပင် မြေကြီးမှမပေါက်နိုင်ကြောင်း၊ ကြိုးစားလုပ်ကိုင်ခြင်းဖြင့်သာ ပဒေသာပင်ပေါက်နိုင်သဖြင့် နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးအနက်ထား၍ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း"**ပြောကြားခဲ့ပါသည်။

မှန်ပါသည်။ တကယ်တမ်း မထောက်မညှာဆိုရပါမူ ဒေသတွင်းအားကစားပြိုင်ပွဲများ၌ အထူးသဖြင့် နိုင်ငံတကာဘောလုံးပြိုင်ပွဲများတွင် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းက ပြိုင်ဘက်နိုင်ငံ့လက်ရွေးစင်ဘောလုံးအသင်းတစ်သင်းကို ရှုံးနိမ့်ခဲ့ပါလျှင် မခံမရပ်နိုင်အောင်ခံစားချက်ပြင်းထန်လေ့ရှိသော မြန်မာပြည်သူအပေါင်းသည် ဒေသတွင်းနိုင်ငံအချို့နှင့် ယှဉ်လျှင် ဖွံ့ဖြိုးတိုးတက်မှုနှင့် စီးပွားရေးအပိုင်းတွင် လတ်တလော နောက်ကျကျန်ရစ်နေသည့် အခြေအနေရလဒ်အပေါ်၌မူ သွေးအေးလျက်ရှိသည်ဟု ဆိုရပါမည်။

**အခြေခံ ကောင်းများစွာ ပိုင်ဆိုင်နေသော မြန်မာနိုင်ငံ**

အမှန်တကယ်အားဖြင့် မြန်မာနိုင်ငံသည် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့်သာ ဆွေးနွေးအဖြေရှာပြီး စီးပွားရေးအပိုင်းကို အလေးအနက်ထားကာ ဇေမူစိတ်တစ်ခုတည်းဖြင့် ကျားကုတ်ကျားခဲ ကြိုးပမ်းဆောင်ရွက်နိုင်မည်ဆိုပါက အခြားဒေသတွင်းနိုင်ငံများနည်းတူ ဖွံ့ဖြိုးတိုးတက်မှုကို အမြန်ဆုံးရယူဆောင်ကြဉ်းနိုင်မည်ဖြစ်သည်။ မဆုတ်မနစ် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဆိုပါက မူလဘူတအခြေခံကောင်းများစွာ ပိုင်ဆိုင်နေသော မြန်မာနိုင်ငံသည် ဒေသတွင်း အခြားနိုင်ငံများထက်ပင် ကျော်လွန်၍ ဦးဆောင်မှုအခန်းကဏ္ဍကို ပြန်လည်ရယူနိုင်မည်ဖြစ်သည်။

အိန္ဒိယနိုင်ငံ နယူးဒေလီအခြေစိုက်မဟာဗျူဟာလေ့လာသုံးသပ်သူ ဆောင်းပါးရှင် Atul Aneja ကလည်း **"Why transitional elections in Myanmar would be good for Asia and the World" (မြန်မာနိုင်ငံတွင် အသွင်ကူးပြောင်းရေးရွေးကောက်ပွဲများ ကျင်းပခြင်းအားဖြင့် အာရှနှင့်ကမ္ဘာအတွက် ကောင်းမွန်စေနိုင်သော အကြောင်းတရားများ)** ဆိုသည့်ခေါင်းစဉ်ဖြင့် ဒီဇင်ဘာလ ၃ ရက်နေ့ထုတ် The Global New Light of Myanmar သတင်းစာတွင် ရေးသားဖော်ပြခဲ့ပါသည်။

ပထမအကြောင်းတရားအနေဖြင့် မြန်မာနိုင်ငံတွင် တည်ငြိမ်အေးငြိမ်းမှုကို ပြန်လည်ရရှိစေမည့် လူထုဆန္ဒမဲများကို အခြေခံသည့် ရွေးကောက်ပွဲများ ကျင်းပခြင်းအားဖြင့် နိုင်ငံရေးအရ တရားဝင်အသိအမှတ်ပြုမှုအသစ်ကိုရရှိလာကာ အရှိန်အဟုန်ဖြင့် တိုးတက်မှုရရှိစေမည့် မောင်းနှင်အား(အင်ဂျင်) ဖြစ်လာနိုင်ကြောင်း၊ နေပြည်တော်သည် စီးပွားရေးအသွင်ကူးပြောင်းမှုကိုထိန်းကျောင်းရန် ကောင်းမြတ်သောဂုဏ်အင်္ဂါများရှိသောကြောင့် မြန်မာနိုင်ငံသည် အာရှကျားဖြစ်လာနိုင်ကြောင်း၊ မြန်မာနိုင်ငံသည် သဘာဝအရင်းအမြစ်များ ကြွယ်ဝစွာတည်ရှိနေပြီး အဆိုပါအရင်းအမြစ်များကို ထိရောက်စွာအသုံးချပါက လျင်မြန်သော စီးပွားရေးတိုးတက်မှုကိုဖြစ်ပေါ်စေမည့်အလားအလာရှိကြောင်း ရေးသားထားသည်။ ထို့ပြင် ကမ္ဘာပေါ်တွင် သတ္တမမြောက်ဆန်အများဆုံးထုတ်လုပ်သော နိုင်ငံဖြစ်သည့်အတွက် မြန်မာနိုင်ငံသည် ဒေသတွင်းစားရေရိက္ခာဖူလုံရေးအတွက် အာရှတွင် အဓိကကျသည့် အခန်းကဏ္ဍ၌ ပါဝင်နေသည်ဟု ဆိုသည်။

ဒုတိယအကြောင်းတရားအနေဖြင့် အောင်မြင်သောအသွင်ကူးပြောင်းရေး ရွေးကောက်ပွဲများသည် အာရှတစ်လွှားဒေသဆိုင်ရာ သာယာဝပြောမှုကို ဖြစ်ပေါ်စေနိုင်သည်။ အဓိကအားဖြင့် မြန်မာနိုင်ငံသည် ကြွယ်ဝသောသဘာဝအရင်းအမြစ်များနှင့် အလုပ်လုပ်နိုင်သော ငယ်ရွယ်သူလူဦးရေရှိသည့် အပြင် ထူးခြားသောပထဝီဝင် စီးပွားရေးတည်နေရာအရဖြစ်သည်ဟု သုံးသပ်တင်ပြထားသည်။

တတိယအကြောင်းတရား အနေဖြင့် ရွေးကောက်ပွဲများမှတစ်ဆင့် နိုင်ငံရေးအကူးအပြောင်းအပြီးတွင် မြန်မာနိုင်ငံသည် တိုးတက်ပြောင်းလဲနေသော "နိုင်ငံစုံလွှမ်းဆွဲမှု ကမ္ဘာ့အစီအစဉ်" (Multi–Polar World)ကို အားကောင်းစေရန်အတွက် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လာနိုင်သည့် အလားအလာရှိကြောင်း၊ ရွေးကောက်ပွဲအပြီးတွင် နိုင်ငံတည်ငြိမ်မှုတိုးတက်လာသည်နှင့်အမျှ မြန်မာနိုင်ငံသည် အိန္ဒိယ၊ တရုတ်၊ ရုရှား၊ အာဆီယံနှင့် အမေရိကန်တို့ကဲ့သို့ ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့် ချိတ်ဆက်မှုကိုမြှင့်တင်နိုင်မည်ဖြစ်ကြောင်း ဆောင်းပါးရှင်က အကျယ်တဝင့်သုံးသပ်ရေးသားဖော်ပြခဲ့ပါသည်။

သို့ဖြစ်ရကား **"ရှေ့သို့ချီမည် ပန်းတိုင်ဆီ"** ဆောင်ပုဒ်အတိုင်း နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အမျိုးသားရေးစရိုက်လက္ခဏာနှင့် အမျိုးသားရေးစိတ်ဓာတ်မြှင့်တင်ရေးတို့အတွက် ခိုင်မာသည့်ဇွဲ၊ လုံ့လ၊ ဝီရိယတို့ထားပြီး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဆောင်ရွက်ရေး စသည့် ၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အမျိုးသားရေး ဦးတည်ချက် (၅)ရပ်နှင့်အညီ အမိနိုင်ငံတော်ကြီးအေးချမ်းသာယာဝပြောရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ဦးထမ်းပဲ့ထမ်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

❍ ကျော်ဖုံးမှ

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံဇ၀ဂေလိ ခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)၊ ယုံကြည်ခြင်း ဧ၀ံဂေလိအသင်းတော်(ပဲခူး)၊ လွတ်မြောက်ခြင်း အသင်းတော် (ရန်ကုန်)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူ ဖောင်ဒေးရှင်း(ဗဟို)၊ သနန္တနဓမ္မပါလက (ဟိန္ဒူ)အဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေး အဖွဲ့ကြီး၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံပန်းချီပန်းပု အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံ အားကစားမီဒီယာ များအဖွဲ့ချုပ်နှင့် ဝိန္ဒကုန်းရခိုင်ဂျာမေဗလီတို့မှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထား များ အသီးသီး ထုတ်ပြန်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို) က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်

၁။ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသော တိုက်ပွဲဖြစ်စဉ်များ၌ ဒေသခံပြည်သူများ၏ အသက် အန္တရာယ်ကို ငဲ့ညှာသောအားဖြင့် ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းသိမ်းဆောင်ရွက်ခဲ့ရာမှ ဖမ်းဆီးခြင်းခံခဲ့ရသည့် တပ်မတော်သားများအား ရက်စက်စွာသတ်ဖြတ်ခဲ့သည့် သတင်းများကို စိတ်မချမ်းမြေ့ဖွယ် ဖတ်ရှုရပါသည်။

၂။ ထိုကဲ့သို့ AA အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကို ဗုဒ္ဓဘာသာကလျာဏ ယုဝအသင်းYMBA (ဗဟို) က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်

AA အကြမ်းဖက်အဖွဲ့သည် ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားနေသော တိုက်ပွဲဖြစ်စဉ်များ၌ ဖမ်းဆီးခြင်း ခံခဲ့ရသည့် တပ်မတော်သားများအား ရက်စက်စွာသတ်ဖြတ်သည် ပြစ်မှုများကို ကျူးလွန်ခဲ့ကြပါသည်။

ထိုသို့ အကြမ်းဖက်သမားများ၏ လူမဆန်သည့်လုပ်ရပ်များကို ဘာသာပေါင်းစုံချစ်ကြည်ညီညွတ် ရေးအဖွဲ့(ဗဟို)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထား ထုတ်ပြန်ကြေညာအပ်ပါသည်။

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)
အလုပ်အမှုဆောင်အဖွဲ့

## မြန်မာနိုင်ငံ ဇ၀ဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ် သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်

AA အကြမ်းဖက်သမားများသည် ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားနေသော တိုက်ပွဲဖြစ်စဉ်များ၌ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုငဲ့ညှာ၍ ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုများအား ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ခဲ့ရသဖြင့် ဖမ်းဆီးခြင်းခံခဲ့ရသည့် တပ်မတော်သားများအား ရက်စက်စွာ သတ်ဖြတ်ခြင်းပြုလုပ်ခဲ့ကြသည်။

ယခုကဲ့သို့ AA အကြမ်းဖက်သမားများ၏ လူသားချင်းစာနာထောက်ထားမှုမရှိသည့်လုပ်ရပ်များကို မြန်မာနိုင်ငံဇ၀ဂေလိ ခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံဇ၀ဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်

## ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်) သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်

ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသော တိုက်ပွဲဖြစ်စဉ်များ၌ ပြည်သူများအပေါ် စာနာထောက်ထားပြီး ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းသိမ်းဆောင်ရွက်ခဲ့ရာမှ ဖမ်းဆီးခြင်းခံခဲ့ရသည့် တပ်မတော်သားများကို ရက်စက်စွာ သတ်ဖြတ်ခြင်း၊ ထိုသို့သတ်ဖြတ်နေသည့် Video File များအား ဖြန့်ဝေခြင်းတို့ကို စိတ်မကောင်းစွာ တွေ့ရှိခဲ့ရပါသည်။

ယခုကဲ့သို့ လူမဆန်သည့်လုပ်ရပ်များကို လုပ်ဆောင်ခဲ့သည့် AA အကြမ်းဖက်အဖွဲ့အစည်းအား ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော် (အောက်မြန်မာပြည်) က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထား ထုတ်ပြန်ကြေညာအပ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော်(အောက်မြန်မာပြည်)

## ယုံကြည်ခြင်း ဧ၀ံဂေလိအသင်းတော်(ပဲခူး) သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်

ရခိုင်ပြည်နယ်၌ ဖြစ်ပွားလျက်ရှိသော တိုက်ပွဲများ၌ AA အကြမ်းဖက်သောင်းကျန်းသူများက တပ်မတော်သားများအား ရက်စက်စွာ သတ်ဖြတ်ခဲ့ခြင်း၊ ဒေသခံပြည်သူများ၏ အသက်အန္တရာယ်ကိုငဲ့ညှာ၍ ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းသိမ်းဆောင်ရွက်ခဲ့ရသဖြင့် ဖမ်းဆီးခြင်းခံခဲ့ရသည့် တပ်မတော်သားများအား ရက်စက်စွာသတ်ဖြတ်ခြင်း၊ ထိုသို့ သတ်ဖြတ်နေသည်ကို Video ရိုက်ကူးပြီး Social Media ပေါ်တွင် ဖြန့်ဝေခြင်းများကို စိတ်မချမ်းမြေ့ဖွယ်တွေ့ရှိရပါသဖြင့် ၎င်းတို့၏လုပ်ရပ်များကို ယုံကြည်ခြင်း ဧ၀ံဂေလိအသင်းတော်(ပဲခူး)က လုံးဝလက်မခံပါ ကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထား ထုတ်ပြန် ကြေညာအပ်ပါသည်။

ယုံကြည်ခြင်းဧ၀ံဂေလိအသင်းတော်(ပဲခူး)

## လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်) သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်

AA အကြမ်းဖက်သမားများသည် ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားနေသော တိုက်ပွဲဖြစ်စဉ်များ၌ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများအား ရက်စက်စွာသတ်ဖြတ်ခဲ့ခြင်း၊ တပ်မတော်သားများအား ရက်စက်စွာ သတ်ဖြတ်ခဲ့ကြပြီး အဆိုပါ သတ်ဖြတ်နေမှုများကို Video Fileများ ရိုက်ကူး၍ လူမှုကွန်ရက်တွင် ဖြန့်ဝေခြင်းများကို စိတ်မချမ်းမြေ့ဖွယ် တွေ့ရှိရသည်။

ယခုကဲ့သို့ AA အကြမ်းဖက်သမားများ၏ လူသားချင်းစာနာထောက်ထားမှုမရှိသည့် လုပ်ရပ်များကို လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်) က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)

## မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်

ရခိုင်ပြည်နယ်၌ ဖြစ်ပွားလျက်ရှိသော တိုက်ပွဲများ၌ AA အကြမ်းဖက်သောင်းကျန်းသူများက ဒေသခံပြည်သူများ၏ အသက်အန္တရာယ်ကို ငဲ့ညှာသောအားဖြင့် ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ခဲ့ရာမှ ဖမ်းဆီးခြင်းခံခဲ့ရသည့် တပ်မတော်သားများကို ရက်စက်စွာသတ်ဖြတ်ခြင်း၊ ထိုသို့ သတ်ဖြတ်နေသည်ကို Video များရိုက်ကူးပြီး Social Media ပေါ်တွင် ဖြန့်ဝေလျက်ရှိရာ စိတ်မချမ်းမြေ့ဖွယ် တွေ့ရှိရပါသဖြင့် ၎င်းတို့၏လုပ်ရပ်များကို မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်

## မြန်မာနိုင်ငံလုံးဆိုင်ရာတမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို) သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်

၁။ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသော တိုက်ပွဲဖြစ်စဉ်များတွင် ဒေသခံပြည်သူများ၏ အသက်အန္တရာယ်ကိုငဲ့ညှာ၍ ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းသိမ်းဆောင်ရွက်ခဲ့သဖြင့် AA အကြမ်းဖက်သောင်းကျန်းသူများ၏ ဖမ်းဆီးရမိခြင်းခံခဲ့ရသည့် တပ်မတော်သားများအား ရက်စက်စွာ သတ်ဖြတ်ခဲ့သည့် Video File များရိုက်ကူးကာ Online ပေါ်တွင် ဖြန့်ဝေခြင်းနှင့် လူမဆန်စွာ ရက်ရက်စက်စက်သတ်ဖြတ်ခဲ့ကြသည်ကို စိတ်မချမ်းမြေ့ဖွယ် သိရှိခဲ့ရပါသည်။

၂။ ထိုကဲ့သို့ AA အကြမ်းဖက်သောင်းကျန်းသူများ၏ ရက်စက်ကြမ်းကြုတ်သည့် အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်လျက်ရှိသည့် လုပ်ရပ်များအပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချ ပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)

## မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ် ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်

ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသော တိုက်ပွဲဖြစ်စဉ်များတွင် ဒေသခံပြည်သူများ၏ အသက်အန္တရာယ်ကိုငဲ့ညှာ၍ ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းသိမ်းဆောင်ရွက်ခဲ့ရာမှ AA အကြမ်းဖက်သောင်းကျန်းသူများ၏ ဖမ်းဆီးခြင်းခံခဲ့ရသည့် တပ်မတော်သားများအား ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သည့် Video File ကို ရိုက်ကူး၍ Online ပေါ်တွင် ဖြန့်ဝေခြင်း၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အမျိုးသမီးများနှင့် ကလေးငယ်များကိုလည်း ရက်စက်စွာသတ်ဖြတ်ခဲ့ကြခြင်းတို့ကို စိတ်မချမ်းမြေ့ဖွယ် သိရှိခဲ့ရပါသည်။

ထိုကဲ့သို့ AA အကြမ်းဖက်သောင်းကျန်းသူများ၏ လူမဆန်စွာ ပြုမူဆောင်ရွက်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်များကို မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်

## မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်

ပဋိပက္ခများအတွင်း ဖမ်းဆီးရမိသည့်သူများအပေါ် လူသားချင်း စာနာထောက်ထားမှုမရှိဘဲ စစ်ရာဇဝတ်မှုကို ကျူးလွန်နေသည့် AAအကြမ်းဖက်အဖွဲ့၏ လုပ်ရပ်များအား မြန်မာနိုင်ငံ ဂီတ အစည်းအရုံး(ဗဟို)က ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)

## သန္တန္တနမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်၏ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်

ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသော တိုက်ပွဲဖြစ်စဉ်များတွင် ဒေသခံပြည်သူများ၏ အသက်အန္တရာယ်ကိုငဲ့ညှာ၍ ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းသိမ်းဆောင်ရွက်ခဲ့ရာမှ AA အကြမ်းဖက်သောင်းကျန်းသူများ၏ ဖမ်းဆီးခြင်းခံခဲ့ရသည့် တပ်မတော်သားများအား ရက်စက်စွာသတ်ဖြတ်ခဲ့သည့် Video File များကို ရိုက်ကူး၍ Online ပေါ်တွင် ဖြန့်ဝေခြင်း၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အမျိုးသမီးများနှင့် လူမမည်ကလေးငယ်များကိုလည်း ရက်ရက်စက်စက်သတ်ဖြတ်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်ခဲ့ခြင်းတို့ကို စိတ်မချမ်းမြေ့ဖွယ်သိရှိရပါသည်။

ထိုကဲ့သို့ AA အကြမ်းဖက်သောင်းကျန်းသူများ၏ လူမဆန်စွာ ရက်စက်ကြမ်းကြုတ်သည့် အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်လျက်ရှိမှုအပေါ် သနန္တနမ္မပါလက(ဟိန္ဒူ) အဖွဲ့ချုပ်က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထား ထုတ်ပြန်ကြေညာအပ်ပါသည်။

**သနန္တနမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်**

## ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်

ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသော တိုက်ပွဲဖြစ်စဉ်များတွင် ဒေသခံပြည်သူများ၏ အသက်အန္တရာယ်ကိုငဲ့ညှာ၍ ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းသိမ်းဆောင်ရွက်ခဲ့ရာမှ AA အကြမ်းဖက်သောင်းကျန်းသူများ၏ ဖမ်းဆီးခံခဲ့ရသည့် တပ်မတော်သားများအား ရက်ရက်စက်စက်သတ်ဖြတ်ခဲ့သည့် Video File များကို ရိုက်ကူးကာ Online ပေါ်တွင် ဖြန့်ဝေခြင်း၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အမျိုးသမီးများနှင့် လူမမည်ကလေးငယ်များကိုလည်း ရက်ရက်စက်စက်လူမဆန်စွာ သတ်ဖြတ်ခဲ့ကြသည်ကို စိတ်မချမ်းမြေ့ဖွယ်သိရှိခဲ့ရပါသည်။

ထိုကဲ့သို့ AA အကြမ်းဖက်သောင်းကျန်းသူများ၏ ရက်စက်ကြမ်းကြုတ်သည့် အကြမ်းဖက်လုပ်ရပ်များကျူးလွန်လျက်ရှိမှုအပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးက လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး**

## ပိန္နဲကုန်းရခိုင်ဂျာမေဗလီမှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်

၁။ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသည့် ဒေသအချို့ရှိ တိုက်ပွဲဖြစ်စဉ်များတွင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ အသက်အန္တရာယ်ကိုငဲ့ညှာ၍ ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းသိမ်းဆောင်ရွက်ခဲ့ရာမှ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည့် တပ်မတော်သားများအား AA အကြမ်းဖက်သောင်းကျန်းသူများက ရက်ရက်စက်စက်သတ်ဖြတ်ခဲ့သည့် Video File များ ရိုက်ကူး၍ Online ပေါ်တွင် ဖြန့်ဝေခြင်း၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အမျိုးသမီးများနှင့် လူမမည်ကလေးငယ်များကိုလည်း လူမဆန်စွာ သတ်ဖြတ်ခဲ့မှုကို စိတ်မချမ်းမြေ့ဖွယ်သိရှိခဲ့ရပါသည်။

၂။ ထိုကဲ့သို့ AA အကြမ်းဖက်သောင်းကျန်းသူများ၏ လူမဆန်စွာ ပြုလုပ်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိမှုအပေါ် မိမိတို့ ပိန္နဲကုန်း ရခိုင်ဂျာမေဗလီက လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ပိန္နဲကုန်းရခိုင်ဂျာမေဗလီ**

## မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို) ၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်

ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသည့် တိုက်ပွဲဖြစ်စဉ်များ၌ ဒေသခံတိုင်းရင်းသားပြည်သူများ၏ အသက်အန္တရာယ်ကိုငဲ့ညှာ၍ ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းသိမ်းဆောင်ရွက်ခဲ့ရာမှ AA အကြမ်းဖက်သောင်းကျန်းသူများ၏ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည့် တပ်မတော်သားများအား ရက်စက်စွာ သတ်ဖြတ်ခဲ့သည့် Video File များ ရိုက်ကူး၍ Online ပေါ်တွင် ဖြန့်ဝေခြင်း၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အမျိုးသမီးများနှင့် ကလေးငယ်များကိုလည်း လူမဆန်စွာ ရက်ရက်စက်စက်သတ်ဖြတ်ခဲ့ခြင်းတို့ကို စိတ်မချမ်းမြေ့ဖွယ် သိရှိခဲ့ရပါသည်။

ထိုကဲ့သို့ AA အကြမ်းဖက်သောင်းကျန်းသူများ၏ လူမဆန်စွာ ပြုလုပ်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိမှုအား မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး (ဗဟို) က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထား ထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)**

## မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို) ၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်

ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသည့် တိုက်ပွဲဖြစ်စဉ်များ၌ ဒေသခံတိုင်းရင်းသား ပြည်သူများ၏ အသက်အန္တရာယ်ကိုငဲ့ညှာ၍ ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းသိမ်းဆောင်ရွက်ခဲ့ရာမှ AA အကြမ်းဖက်သောင်းကျန်းသူများ၏ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည့် တပ်မတော်သားများအား ရက်စက်စွာ သတ်ဖြတ်ခဲ့သည့် Video File များ ရိုက်ကူး၍ Online ပေါ်တွင် ဖြန့်ဝေခြင်း၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အမျိုးသမီးများနှင့် ကလေးငယ်များကိုလည်း လူမဆန်စွာ ရက်ရက်စက်စက်သတ်ဖြတ်ခဲ့ခြင်းတို့ကို စိတ်မချမ်းမြေ့ဖွယ် သိရှိခဲ့ရပါသည်။

ထိုကဲ့သို့ AA အကြမ်းဖက်သောင်းကျန်းသူများ၏ လူမဆန်စွာ ပြုလုပ်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိမှုအား မြန်မာနိုင်ငံသဘင်အစည်းအရုံး (ဗဟို)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)**

## မြန်မာနိုင်ငံစာရေးဆရာအသင်း၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်း (၁၃၅)မျိုးတို့ အတူတကွ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်လျက်ရှိကြပါသည်။ ယနေ့အချိန်အခါ၌ မြန်မာနိုင်ငံသည် ပဋိပက္ခမျိုးစုံရင်ဆိုင်လျက်ရှိပြီး ယင်းသို့ ပဋိပက္ခဖြစ်ရခြင်းမှာ လက်နက်ကိုင်သူပုန်များက စစ်ပွဲများ မဖြစ်ဖြစ်အောင် သွေးထိုးလှုံ့ဆော်ခြင်းကြောင့်ဖြစ်သည်ကို တွေ့မြင်ကြားသိရပါသည်။

၂။ ထိုသို့ လက်နက်ကိုင်ပြီး ဆန့်ကျင်နေသည့် ရခိုင်သူပုန် (AA) အကြမ်းဖက်အဖွဲ့အစည်းသည် ရခိုင်ပြည်နယ်အတွင်း နေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များကိုငဲ့ညှာ၍ ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ခဲ့ရသဖြင့် ဖမ်းဆီးခြင်းခံခဲ့ရသည့် တပ်မတော်သားများအား ရက်စက်စွာ သတ်ဖြတ်ခဲ့သည့် ပုံရိပ်များကို အွန်လိုင်းပေါ်တွင် လွှင့်တင်ခဲ့ကြသည်။ ထို့အပြင် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မိသားစုဝင် အမျိုးသမီးများနှင့် ကလေးသူငယ်များကိုလည်း ထပ်မံသတ်ဖြတ်ခဲ့ကြသည်ကိုလည်း တွေ့ရှိရပါသည်။

၃။ အဆိုပါလုပ်ရပ်များသည် ဂျနီဗာကွန်ဗင်းရှင်း၏ စည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်ကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံမှ ခွဲထွက်ကာ ရခိုင်နိုင်ငံထူထောင်ရန် ကြိုးစားနေသော ဒေသခံလူတချို့နှင့် လူသားချင်းစာနာထောက်ထားမှုကင်းမဲ့ပြီး နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းမှုများနှင့် တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုပြိုကွဲအောင် လုပ်ဆောင်နေသည့် စစ်ရာဇဝတ်မှု ကျူးလွန်နေသည့် ရခိုင်သူပုန် (AA) အဖွဲ့အား မြန်မာနိုင်ငံစာရေးဆရာအသင်းမှ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်းထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်

၁။ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် ၂၀၂၃ ခုနှစ်မှစတင်၍ ရခိုင်ပြည်နယ်အတွင်းရှိ မြို့ရွာများနှင့် လုံခြုံရေးစခန်းများ၊ တပ်မတော်စခန်းများကို ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီး၊ လက်နက်ငယ်များ၊ Drone များဖြင့် ယနေ့ထက်တိုင် တိုက်ခိုက်ဖျက်ဆီးလျက်ရှိသည်။ ထိုသို့တိုက်ခိုက်ရာတွင် စစ်ကိုမလိုလားသော ဒေသခံရခိုင်တိုင်းရင်းသားပြည်သူများအနေဖြင့် နေရင်းနေရပ်များကို စွန့်ခွာသွားကြရပြီး အဆိုပါရခိုင်တိုင်းရင်းသားများရောက်ရှိရာ မြို့ရွာဒေသများတွင် ဒေသခံမြန်မာပြည်သူများက ကူညီဖေးမပေးလျက်ရှိသည်။

၂။ AA အကြမ်းဖက်သောင်းကျန်းသူများ၏ ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ ထိခိုက်ဒဏ်ရာရ သေဆုံးမှုများရှိခဲ့သည်။ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နယ်မြေဒေသတည်ငြိမ်ရေးအတွက် စွန့်လွှတ်စွန့်စား ရဲစွမ်းသတ္တိများဖြင့် တိုက်ပွဲဝင်ခဲ့ကြသည်။ အချို့ဖြစ်စဉ်များတွင် ဒေသခံပြည်သူများအား ငဲ့ညှာသောအားဖြင့် ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ခဲ့ရာမှ လုံခြုံရေးတပ်ဖွဲ့ဝင်အချို့အနေဖြင့် AA အကြမ်းဖက်သမားများ၏ ဖမ်းဆီးခေါ်ဆောင်မှုခံခဲ့ရပြီး လူသားချင်းမစာနာသည့် လူမဆန်သောရာဇဝတ်မှုများ ယုတ်မာစွာကျူးလွန်နေသည်ကို တွေ့ရသည်။

၃။ အဆိုးရွားဆုံးနှင့်အယုတ်မာဆုံးမှာ AA အကြမ်းဖက်သောင်းကျန်းသူများသည် တိုက်ပွဲအတွင်း ဖမ်းဆီးထားသော စစ်သုံ့ပန်းများကို ရက်ရက်စက်စက်သတ်ဖြတ်ပြီး ဗီဒီယိုရိုက်ကူး၍ လူမှုကွန်ရက်ပေါ်တွင် တင်ခဲ့ခြင်းဖြစ်သည်။ ထို့အပြင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်အတူ အမျိုးသမီးနှင့် ကလေးငယ်များပါမကျန် ရက်ရက်စက်စက်သတ်ဖြတ်ခဲ့ခြင်းသည် အိုင်အက်စ်စစ်သွေးကြွများ ရက်စက်မှုထက် ပိုမိုဆိုးရွားပြီး ဂျနီဗာကွန်ဗင်းရှင်းကို ဖောက်ဖျက်သည့် စစ်ရာဇဝတ်မှု(War Crime) မြောက်သော လူမဆန်သည့် လုပ်ရပ်များကို ပြောင်ပြောင်တင်းတင်း ကျူးလွန်လျက်ရှိသည်။

၄။ နှစ်ပေါင်းထောင်ချီ တည်တံ့ခိုင်မြဲခဲ့သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ပြိုကွဲပျက်စီးအောင် ကြံစည်လုပ်ဆောင်ဖျက်ဆီးနေသည့်၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် အေးချမ်းသာယာလှပသည့် ရခိုင်ပြည်နယ်ကြီးကို ပျက်စီးအောင်ပြုလုပ်နေသည့်၊ ဂျနီဗာကွန်ဗင်းရှင်းကို ဖောက်ဖျက်ပြီး စစ်ရာဇဝတ်မှုများကို ရက်ရက်စက်စက် ကျူးလွန်နေသည့် AA အကြမ်းဖက်သောင်းကျန်းသူများ အမြန်ဆုံးချုပ်ငြိမ်းအောင် တိုက်ဖျက်ကြရန် တိုက်တွန်းနှိုးဆော်လိုပါကြောင်းနှင့် လူသားချင်းစာနာထောက်ထားမှုမရှိဘဲ စစ်ရာဇဝတ်မှုများကို ရက်စက်စွာကျူးလွန်နေသည့် AA အကြမ်းဖက်သောင်းကျန်းသူများကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ချက်ကို ထုတ်ပြန်လိုက်သည်။

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**

*စာမျက်နှာ ၁၀ သို့*

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရှောဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

# ဓမ္မအမှန်ဖြင့် အကြောင်းကောင်းခြင်းမှသည် အကျိုးကောင်းရာဆီ

ဒေါက်တာမြတ်မိုး

နှစ်ဟောင်းတစ်ခုကုန် နှစ်သစ်တစ်ခုရောက် ငါတို့ဘာတွေလုပ်လို့ ဘာတွေပြီးခဲ့ကြပြီလဲ၊ ဘာတွေ မှန်လို့ ဘာတွေလွဲခဲ့ကြပါသလဲ၊ သေချာတာတော့ ဒီနှစ်က အကြောင်းတွေက နောက်နှစ်အတွက်တော့ အကျိုးတရားတွေဖြစ်မယ်သာ။ ဗုဒ္ဓတရားတော်အရတော့ ပရမတ်လယ်ဗယ်အထိ ဆင်ခြင်နှလုံးသွင်းရပါတယ်။ စက္ကန့်တိုင်း၊ မိနစ်တိုင်းမှာ ရုပ်တရား၊ နာမ်တရားတွေက တစ်ခုဖြစ်ပြီးတစ်ခုချုပ်၊ ဖြစ်ရာအကြောင်းနဲ့ ချုပ်ရာအကြောင်း၊ အတိတ် ကာလတစ်ခုမှာ အတိတ်ဆိုတာ ပြီးခဲ့တဲ့ စက္ကန့်၊ မိနစ်၊ နာရီ ၊ နေ့ရက်၊ လတွေ၊ နှစ်တွေကနေ၊ ပြီးခဲ့ တဲ့ဘဝကနေ ယူဆောင်လာခဲ့တာတွေ၊ အတိတ်က အကြောင်းတရားတွေက ယခုပစ္စုပ္ပန်မှာ အကျိုး တရားတွေဖြစ်နေသလို ယခုပစ္စုပ္ပန်အကြောင်းတရားတွေကလည်း အနာဂတ်အကျိုးတရားတွေ ဖြစ်မှာမလွဲပါ။

## ဦးစွာ မိမိစိတ်မိမိနိုင်ဖို့ရာ

ကိုယ့်ကိုယ်ကိုယ် ပြန်လည်ဆန်းစစ်ရင် ကောင်းတာထက် လွဲတာတွေ ပိုများနေသလားလို့ပါ။ ဘာနဲ့တိုင်းတာဖြစ်လို့ပါလဲ၊ အားမရတာတွေများမယ်၊ စိတ်ဓာတ်ကျတာတွေများမယ်၊ မတည်ငြိမ်မှုတွေ၊ ပူလောင်မှုတွေ သောကတွေနဲ့၊ ကံမကောင်းပါလားလို့ တွေးချင်တွေးမိမယ်။ ကိုယ့်ကိုယ်ကိုယ်မညာတမ်း၊ လူဆိုတာ အပြုဘက်ထက် အပျက်အတွေးများတတ်တဲ့ သဘောအမှန်ပါ။ ဒီလိုစိတ်ပိုင်းဆိုင်ရာ ရိုက်ခတ်မှုတွေကို မိမိရဲ့စိတ်အရည်အသွေးဆိုင်ရာပေတံနဲ့ပဲ တိုင်းတာကြည့်နိုင်ပါတယ်။

> ❖ **နှစ်ဟောင်း၊ နှစ်သစ် အကူးအပြောင်းမှာ အကောင်းတွေနဲ့သာ စတင်ကြစို့ရဲ့၊ အကောင်းတွေနဲ့စခြင်းဆိုတာ တတ်နိုင်သမျှ အကောင်းတွေလုပ်မိ၊ ပြောမိ၊ တွေးမိအောင် သတိထားနေထိုင်ကြဖို့ပါ။ အကောင်းတွေနဲ့ စဆိုတော့ မိမိကိုယ်တိုင်ကပဲစရမှာ၊ မိမိအတွင်း အဇ္ဈတ္တမှာ မိမိစိတ်မိမိနိုင်ဖို့က ပိုအရေးကြီးပါတယ်၊ မိမိရဲ့ရုပ်၊ နာမ်ခန္ဓာနဲ့ မိမိရဲ့ပတ်ဝန်းကျင်က အညမညသဟဇာတဖြစ်နေတဲ့အတွက် ကိုယ့်ဘက်က ဦးစွာငြိမ်းချမ်းအောင်နေနိုင်မှ ပတ်ဝန်းကျင်ဟာလည်း ငြိမ်းချမ်းသာယာမှာဖြစ်ပါတယ်**

ခြုံပြီးကြည့်ရင် အတက်ထက် အကျဘက်၊ တိုးတက်မှုထက် ဆုတ်ယုတ်မှုဆီ ပိုရောက်နေကြောင်း သတိပြုမိကြလိမ့်မယ်။ တိုးတက်မှုဆိုတာမှာ မြင်သာတဲ့ရုပ်ပစ္စည်းပိုင်း တိုးတက်မှုကိုသာ ဆိုလိုခြင်းဖြစ်ပြီး ဆုတ်ယုတ်မှုဆိုရာမှာ စိတ်ပိုင်းဆိုင်ရာ ဆုတ်ယုတ်လာမှုကို ဆိုလိုခြင်းဖြစ်ပါတယ်။ လူ့အသက်တွေ၊ လူ့ဘဝတွေ တန်ဖိုးမထားကြတော့တဲ့အထိ အနိမ့်ဆုံးထိုးဆင်းသွားတဲ့စိတ်ဓာတ်တွေ၊ ပျက်စီးသွားတဲ့စိတ်ထားတွေ၊ ပြောင်းလဲသွားတဲ့ အတွေးအမြင်တွေ၊ မှုမမှန်တဲ့ ယုံကြည်ချက်ခံယူချက်တွေကြောင့် ဖြစ်ပါတယ်။

ကမ္ဘာနဲ့ယှဉ်ပြီးကြည့်ရင် ပိုမြင်သာပါတယ်။ လောဘမီး၊ ဒေါသမီး၊ မောဟမီးကြောင့်ဖြစ်တဲ့ ပဋိပက္ခတွေ၊ မတည်ငြိမ်မှုတွေက ပိုများနေတယ်၊ ကမ္ဘာ့နေရာအနှံ့၊ စနစ်မရွေး၊ ဘာသာမရွေး၊ ဆင်းရဲချမ်းသာမရွေး၊ အင်အားကြီး၊ ငယ်မရွေး ဆင်းရဲသူကဆင်းရဲလို့ ချမ်းသာချင်တယ်၊ ချမ်းသာသူက ပိုတိုးပြီးတိုးပြီး ချမ်းသာချင်နေတယ်။ သူများနယ်မြေနယ်ချဲ့လိုသူက ကိုယ့်မှာရှိတဲ့နယ်မြေနဲ့ မတင်းတိမ် နယ်မြေပိုရချင်တယ်၊ အာဏာမရှိသူကလည်း အာဏာပိုလိုချင်တယ်၊ အာဏာရှိပြီးသူကလည်း ပိုရှိချင်တယ်၊ ရောက်တဲ့နေရာကနေ ပြုတ်ကျမှာစိုးရိမ်လို့ ရုံကြတယ်၊ ကာကြတယ်၊ တားကြ၊ ဆီးကြတယ်၊ အင်အားမရှိသူကလည်း မရှိလို့ရချင်၊ ရပြီးသူကလည်း ပိုရှိချင်ကြတယ်။ အင်အားတောင့်အောင် နယ်ချဲ့လာကြတယ်၊ ဟီရိသြတ္တပ္ပမရှိ၊ ကိုယ့်အတ္တသာ ပထမဦးစားပေး လွန်ကဲမှုကြောင့် ငြိမ်းငြိမ်းချမ်းချမ်းနေလိုသူတွေလည်း မနေသာတော့၊ ကိုယ့်ကိုယ်ကိုယ်ခုခံကာကွယ်ဖို့ ပြင်ကြရတော့တယ်၊ ပဋိပက္ခမီးတောက်တွေက နေရာအနှံ့၊ မတည်ငြိမ်မအေးချမ်း၊ မငြိမ်းချမ်းတော့ပျက်စီး၊ အတိတ်ကိုပြန်ကြည့် ဆင်ခြင်မိတဲ့အခါ၊ အကြောင်းတရားတွေက အားနည်းနေပြီး အားမရှိတဲ့အခါ အနာဂတ်အကျိုးလည်း ကောင်းနိုင်ပါ့မလား။

နှစ်ဟောင်းကအကြောင်းတရားတွေက နှစ်သစ်ကို အကျိုးတရားတွေဖြစ်စေပြီဆိုတော့ ကျွန်တော်တို့ အားလုံးမှာ သို့သော် အချိန်မီပါသေးတယ်၊ လုံးဝ နောက်မကျသေးပါ။ နှစ်ဟောင်း၊ နှစ်သစ် အကူးအပြောင်းမှာ အကောင်းတွေနဲ့သာ စတင်ကြစို့ရဲ့၊ အကောင်းတွေနဲ့စခြင်းဆိုတာ တတ်နိုင်သမျှ အကောင်းတွေလုပ်မိ၊ ပြောမိ၊ တွေးမိအောင် သတိထားနေထိုင်ကြဖို့ပါ။ အကောင်းတွေနဲ့ စဆိုတော့ မိမိကိုယ်တိုင်ကပဲစရမှာ၊ မိမိအတွင်း အဇ္ဈတ္တမှာ မိမိစိတ်မိမိနိုင်ဖို့က ပိုအရေးကြီးပါတယ်၊ မိမိရဲ့ ရုပ်၊ နာမ်ခန္ဓာနဲ့ မိမိရဲ့ပတ်ဝန်းကျင်က အညမညသဟဇာတဖြစ်နေတဲ့အတွက် ကိုယ့်ဘက်က ဦးစွာငြိမ်းချမ်းအောင်နေနိုင်မှ ပတ်ဝန်းကျင်ဟာလည်း ငြိမ်းချမ်းသာယာမှာဖြစ်ပါတယ်လို့ ဆိုလိုတဲ့သဘော။ World Meditation Day မှသည် ငြိမ်းချမ်းမှုဆီသို့၊ ဒါကြောင့်လည်း ပြီးခဲ့တဲ့ ဒီဇင်ဘာလ ၂၁ ရက်နေ့ "World Meditation Day" "ကမ္ဘာ့သမထဘာဝနာနေ့"၊ "စိတ်ကိုငြိမ်းအေးစေသော တရားအားထုတ်ခြင်းကမ္ဘာလုံးဆိုင်ရာနေ့" နေ့ထူးနေ့မြတ်မှာ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နာရင်ဒရာမိုဒီက မိမိတို့ဘဝမှာ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ အကျိုးကျေးဇူးများဖြစ်ထွန်းဖို့ တရားရှုမှတ်အားထုတ်ခြင်းကို သက်ဝင်ယုံကြည်အားထုတ်ကြဖို့ အများနဲ့ ကမ္ဘာကြီးကို တိုက်တွန်းနှိုးဆော်ခဲ့ခြင်းဖြစ်ပါတယ်။ အိန္ဒိယဝန်ကြီးချုပ်က တရားရှုမှတ်အားထုတ်ခြင်းကို တစ်ဦးချင်းစီရဲ့ဘဝများငြိမ်းချမ်းရေးမှသည် လူ့အဖွဲ့အစည်းကြီး တိုးတက်ဖြစ်ထွန်းအောင်မြင်ရေး၊ ဒီကမ္ဘာမြေကြီး ငြိမ်းချမ်းသာယာဝပြောစေတဲ့အထိ စွမ်းအားကြီးမားတဲ့ စိတ်ပိုင်းဆိုင်ရာ ကျင့်စဉ်တစ်ခုအဖြစ် ညွှန်းဆိုခဲ့ပါတယ်။ ၎င်းကဆက်လက်ပြီး တရားအားထုတ်ခြင်းနည်းနာတွေကို ဗီဒီယိုလမ်းညွှန်ချက်တွေက တစ်ဆင့် လေ့လာကျင့်ကြံနိုင်ပါကြောင်းလည်း အကြံဉာဏ်ပေးခဲ့ပါတယ်။ အိန္ဒိယဂုရုကြီး တစ်ဦးဖြစ်တဲ့ ရာဗီရှန်ကာကတော့ သမထရှုမှတ်ခြင်းဟာ စိတ်ကျန်းမာရေးကို ကျေးဇူးပြုပြီး မိမိတို့ရဲ့စိတ်စွမ်းအားကို မြှင့်မားစေပါကြောင်းနဲ့ လူ့အဖွဲ့အစည်းနဲ့ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် အခြေခံစိတ်ကျန်းမာရေးကို မြှင့်တင်ကြဖို့ နှိုးဆော်တိုက်တွန်းသွားခဲ့ပါတယ်။ သမထဘာဝနာက စိတ်ကျန်းမာရေးကို ဘယ်လိုအထောက်အကူပြုသလဲဆိုရင် တရားရှုမှတ်ခိုက်မှာ မကောင်းတဲ့ကာမအာရုံတွေနဲ့ ကင်းကွာနေတယ်၊ အကုသိုလ်စိတ်တွေမဖြစ်၊ ကာယ၊ စိတ္တ နှစ်ဖြာသောသုခနဲ့ပြည့်ဝနေပြီး စိတ်တွေစင်ကြယ်နေတဲ့သဘောဖြစ်လို့ပါပဲ။ တစ်နည်းအားဖြင့် မဂ္ဂင်ရှစ်ပါးထဲက သမ္မာသမာဓိဖြစ်နေလို့ပါပဲ။

မှန်ပါတယ်။ စိတ်ကျမ်းမာရေးအတွက် သမထစွမ်းအားနဲ့ စိတ်စွမ်းအားကို ပြုစုပျိုးထောင်ခြင်းမှသည် ထေရဝါဒဗုဒ္ဓဘာသာဝင်တွေအဖို့မှာတော့ မိမိတို့ခန္ဓာ ရုပ်၊ နာမ်တရားတွေကို ဆင်ခြင်ပြီး မကောင်းတဲ့ ကိလေသာတို့ချုပ်ငြိမ်းရာ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်တဲ့အထိ၊ အိုခြင်း၊ နာခြင်း သေခြင်းမရှိတော့တဲ့အထိ၊ ရုပ်၊ နာမ်ပရမတ်အားလုံးချုပ်ငြိမ်းတဲ့အထိ ကျင့်ကြံအားထုတ်ရာ ဝိပဿနာကျင့်စဉ်တွေ ဉာဏ်စဉ်တွေအပြင် လေ့လာသင်ကြားနာယူမှုတွေလည်း အတော်အတန်ရှိကြပြီးဖြစ်ပါတယ်။ ဆိုလိုတာက တစ်ဖက်မှာ ခက်ထန်ကြမ်းတမ်းပြီး မကောင်းတဲ့အနိဋ္ဌာရုံတွေ ထူပြောနေစဉ်မှာ တစ်ဖက်မှာလည်း ထိုအနိဋ္ဌာရုံတွေလျော့ပါးပြီး ကင်းစင်ပပျောက်နိုင်မယ့်၊ အကုသိုလ်မှသည် ကုသိုလ်အဖြစ် ပြောင်းလဲပေးနိုင်မယ့်၊ ဒီကတစ်ဆင့် မိမိနဲ့ပတ်ဝန်းကျင်ကိုသာယာလှပစေမယ့် သမထဝိပဿနာကျင့်စဉ်တွေ အဆင်သင့်ရှိပြီးဖြစ်တယ်လို့ ဆိုခြင်းဖြစ်ပါတယ်။ အလေ့အကျင့်မလုပ်ခင်မှာ တရားစာပေတွေကို ဦးစွာ နာယူပူဇော်လေ့လာခြင်းအားဖြင့်လည်း အသိနဲ့အကျင့်ကို ကောင်းစွာ ပေါင်းစပ်ပေးနိုင်မှာဖြစ်ပါတယ်။

ပတ်ဝန်းကျင်ကို ငြိမ်းချမ်းစေလိုရင် မိမိသန္တာန် မိမိ ဦးစွာငြိမ်းချမ်းနေမှဖြစ်မှာပါ။ မိမိကိုယ်တိုင် အပူတွေနဲ့ငြိမ်းချမ်းမနေဘဲ အများကိုငြိမ်းချမ်းအောင် ဘယ်လိုမှလုပ်လို့မရပါဘူး။ လုပ်လည်း မဖြစ်ပါဘူး။ ဘာကြောင့်လဲဆိုရင် လိုချင်တာတွေ များပြီး လိုချင်လွန်းတဲ့လောဘတွေ၊ လိုချင်တာမရတော့ ဖြစ်လာရတဲ့ သောက ပရိဒေဝ ဒုက္ခဒေါမနဿနဲ့ အတွင်းမှာလောင်မြိုက်နေတဲ့ ဒေါသတရားတွေ၊ လောဘကို လောဘဖြစ်မှန်း ဒေါသကိုဒေါသဖြစ်မှန်း မသိမှု မောဟတရားတွေ၊ ထိုလောဘ၊ ဒေါသ၊ မောဟ မူလအကုသိုလ်တရားဆိုးများ အခြယ်လှယ်ခံနေရသရွေ့ ဘယ်လိုမှငြိမ်းချမ်းနိုင်မှာ မဟုတ်တဲ့ အတွက်ကြောင့်ပါပဲ။

**အကြောင်းရင်းကိုရှာ အကျင့်မှန်ဖြင့် ပယ်နိုင်ရမှာ**

ဒါကြောင့်လည်း ကုသိုလ်ကိုကုသိုလ်မှန်း အကုသိုလ်ကိုအကုသိုလ်မှန်း သိနေဖို့လိုကြောင်း ကျေးဇူးရှင်မြတ်စွာဘုရားက ဟောကြားခဲ့ခြင်းဖြစ်ပါတယ်။ ထို့အပြင် နိဒါန်းပိုင်းမှာတင်ပြခဲ့တဲ့ အကြောင်းနဲ့အကျိုး၊ အကြောင်းတရားတွေ ပေါင်းစုံညီညွတ်မှုဖြစ်လာတဲ့ အကျိုးတရားတွေဆိုတာ အကြောင်းနဲ့အကျိုးဆက်စပ်မှုကို ပြသနေပါတယ်။ ယနေ့အဖြစ်အပျက်တွေ ကြုံရတဲ့အရာတွေဟာ အတိတ်ကကိုယ်လုပ်ခဲ့လို့ ရလာတာတွေပဲဖြစ်တယ်။ အကြောင်းတွေရှိခဲ့လို့ အကျိုးတွေရလာတာဖြစ်တယ်။ အကြောင်းကင်းတဲ့အကျိုးတရားဆိုတာလည်းမရှိပါ၊ ထိုတရားဟာ ကိန်းသေမြဲတဲ့အမှန်တရားဖြစ်ပါတယ်။ ဒါကြောင့်လည်း သစ္စာအမည်တပ်ပြီး သစ္စာလေးပါးအမည်တွင်ခဲ့ခြင်းဖြစ်ပါတယ်။

မသိကြလို့သာပါ အားလုံးဟာ ဒုက္ခချည်းပါပဲတဲ့၊ ရခဲလှတဲ့လူ့ဘဝဆိုပေမယ့် လူ့ဘဝကိုလိုချင်လို့ တောင့်တခဲ့မှုကြောင့် မိခင်ဝမ်းတွင်းမှာ ပဋိသန္ဓေဆင်းရဲနဲ့ စခဲ့ရတဲ့လူ့ဘဝ၊ နောက်တော့ အိုရနာရ မရဏဒုက္ခ။ ဒါကြောင့် ဆရာတော်ဘုရားကြီးတွေက အမြဲဟောခဲ့တာဖြစ်ပါတယ်။ လူတွေက လက်ရှိမြင်ရ၊ တွေ့ရတဲ့အကျိုးတရားကိုသာကြည့်ပြီး ဆုံးဖြတ်နေကြတယ်။ အမှန်က အကျိုးကိုဖြစ်စေတဲ့ အကြောင်းတရားကိုသာ မြင်အောင်ကြည့်ပြီး အကြောင်းကို ပယ်သတ်ရမှာဖြစ်ကြောင်း ဟောကြားချက်တွေက အမှန်တကယ် မှတ်သားထိုက်တဲ့ တရားစစ်တရားမှန်များဖြစ်ကြောင်း ဆင်ခြင်ကြည့်ရမှာ ဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့ဟာ လက်ရှိကြုံတွေ့နေရတဲ့ သုခချမ်းသာနဲ့ ဒုက္ခဆင်းရဲတွေရဲ့ အကြောင်းရင်းက ဘာလဲမြင်အောင်ကြည့်သင့်ပါတယ်။ သစ္စာလေးပါးတရားတော်မှာ ဒုက္ခသစ္စာရဲ့အကြောင်းက သမုဒယသစ္စာဖြစ်ကြောင်း နာယူခဲ့ကြဖူးမှာပါ။ ဘာကို ဘယ်လိုပယ်သတ်ကြရမလဲ၊ ဒုက္ခရဲ့အကြောင်းရင်းဖြစ်တဲ့ လောဘဆိုတဲ့သမုဒယကို ဦးစွာ ပယ်သတ်ရမှာဖြစ်ပါတယ်။ ဒီအတွက် အယူမှန်၊ အသိမှန်ဖို့လိုပါတယ်။ အမှန်မြင်မှ အမှန်ကြံတွေးနိုင်မှာပါ၊ အတွေးမှန်မှ မုသားမပါ လုပ်ကြံမပြော၊ ကုန်းမတိုက် မကြမ်းတမ်းအပြောလည်း မှန်မှာဖြစ်ပါတယ်၊ ဒုစရိုက်မှန်သမျှရှောင်ပြီး အလုပ်လည်းမှန် မှန်မှန်ကန်ကန် အသက်မွေးမှုဖြစ်ရပါမယ်။

အလုပ်မှန်ဖို့ဆိုရာမှာ ဝီရိယထား အလုပ်လုပ်မှလည်း အောင်မြင်ပါမယ်။ တရားတော်လာ "ဝီရိယ" ဆိုတဲ့ သဘောမှာ မဖြစ်သေးတဲ့အကုသိုလ်တွေ မဖြစ်အောင်၊ ဖြစ်ပြီးအကုသိုလ်တွေပယ်နိုင်အောင်၊ မရသေးတဲ့ကုသိုလ်တွေရရှိအောင်၊ ရပြီးသားကုသိုလ်မြဲနေအောင် ကြိုးစားနေရမှာဖြစ်ပါတယ်။ ဒါမှလည်း မှန်ကန်တဲ့ ဝီရိယဖြစ်ပါမယ်။ ဒီလိုကြိုးစားအားထုတ်နိုင်အောင်က အစဉ်မမေ့မလျော့တတ်တဲ့ သတိကပ်နေမှ ဖြစ်မှာပါ။ သတိမြဲအောင်ကတော့ သမာဓိဆိုတဲ့စိတ်ကို အာရုံတစ်ခုတည်းမှာ တည်ကြည်မြဲမြံနေအောင် လေ့ကျင့်ခြင်းနဲ့ ရယူနိုင်ပါတယ်။ ဘာလုပ်လုပ် သတိရှိနေမှသာ အကုသိုလ်ကို အကုသိုလ်ဖြစ်မှန်း၊ ကုသိုလ်ကို ကုသိုလ်ဖြစ်မှန်း သိနေမှာဖြစ်ပါတယ်။

တင်ပြခဲ့သလို မရှိလို့လိုချင် ရတော့လည်းပူပင်၊ ခဏချမ်းသာကို အဟုတ်ထင်၊ မြဲတယ်ထင်ပြီး အမှန်ကိုအမှား အမှားကိုအမှန်၊ ထင်တိုင်းကြံနေကြတာ၊ ဒီလိုလေးတွေ နည်းနည်းလောက်သိရရင်ပဲ အတော်ဟုတ်နေပါပြီ။ အရာရာမှာ တရားဖက်ပြီး နှလုံးသွင်းနိုင်ရင် ရမ္မက်လည်းပြေ အမျက်လည်းပြေလို့ သင့်တင့်မျှတတဲ့ လောကကြီးဖြစ်မှာမလွဲပါ။ အရာရာဟာ ဖြစ်ပြီးပျက်တတ်တဲ့သဘော ဘာမှမမြဲပါလား၊ ဖြစ်ချင်သလိုလည်းမဖြစ်၊ မဖြစ်ချင်တာဖြစ် ဘာမှလည်းအစိုးမရပါလား၊ အလေ့အကျင့်လေးလုပ်၊ သတိလေးထားတတ်လာတဲ့အခါ မိုးချုပ်သွားလည်းခဏပါ တစ်ဖန်မိုးလင်းကြုံမှာပဲ၊ အမှောင်ပြီးရင် အလင်းလာမှာပဲလို့ ဆင်ခြင်လိုက်ရင် အခက်အခဲတွေ စိန်ခေါ်မှုတွေဆိုတာက ခေါင်းအေးအေးထား အပြုသဘော ချဉ်းကပ်ပြီး အကောင်းဆုံးဖြေရှင်းသွားနိုင်ကြောင်း တွေ့ရပါလိမ့်မယ်။ အခုလို နှလုံးသွင်းမှန်ခြင်းကပင် ကုသိုလ်တရားဖြစ်နေပါတော့တယ်။

ဒါကြောင့် အားကိုးရာဓမ္မကသာ မိတ်ဆွေအစစ်အမှန် ဖြစ်ပါတယ်။ ဒီကုသိုလ်တရားကသာ မိမိကော မိမိပတ်ဝန်းကျင်ကိုပါ ဘေးရန်အပေါင်းကနေ အကာအကွယ်ပေးနိုင်မှာဖြစ်ပါတယ်။ အထူးသဖြင့် အခုလိုကာလ အခုလိုအခြေအနေမျိုးမှာ ပိုပြီးဂရုစိုက် အားထည့်ကြရမှာ။ စိတ်ချမ်းသာစရာအကြောင်းတွေပြုမှုမှလည်း စိတ်ချမ်းသာစရာတွေ ဖြစ်လာမယ်။ ပဋိပက္ခတွေချည်း ဖန်တီးနေရင်လည်း ဆိုးကျိုးတွေသာဖြစ်လာမှာ။ ဒီလိုအခြေအနေတွေအောက်မှာ အတ္တ၊ ပရမျှတစွာနဲ့ တရားအကာအကွယ်သာရယူပြီး လောကကို အကောင်းဆုံးအကျိုးပြုနိုင်အောင် ကြိုးစားကြည့်ကြပါစို့လား။ ။

# ၂၀၂၅ ခုနှစ် နှစ်သစ်ကူးအကြို တေးဂီတဖျော်ဖြေပွဲနှင့် မြန်မာ့ရိုးရာဇာတ်သဘင်အဖွဲ့၏ "သဘင်အကနှင့် လှမည့် ည" အစီအစဉ်ဖျော်ဖြေတင်ဆက်ရာ လာရောက်ကြည့်ရှုအားပေးသူများဖြင့် စည်ကား

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဒေသခံပြည်သူများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ အပန်းဖြေပျော်ရွှင်စေရန်နှင့် ၂၀၂၅ ခုနှစ် နှစ်သစ်ကို သာယာပျော်ရွှင်ချမ်းမြေ့စွာ ကြိုဆိုနိုင်ရန် ရည်ရွယ်၍ ကျင်းပသည့် နှစ်သစ်ကူးအကြို တေးဂီတဖျော်ဖြေပွဲနှင့် မြန်မာ့ရိုးရာဇာတ်သဘင်အဖွဲ့၏ "သဘင်အကနှင့်လှမည့် ည" အစီအစဉ်ကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်းအမှတ် ၁ နှင့် ၂ ၌ ကပြဖျော်ဖြေတင်ဆက်ရာ လာရောက်ကြည့်ရှုသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ထိုသို့ တေးဂီတဖျော်ဖြေပွဲနှင့် မြန်မာ့ရိုးရာဇာတ်သဘင် ဖျော်ဖြေပွဲသို့ လာရောက်ပါဝင်ဆင်နွှဲကြသူများ လုံခြုံစိတ်ချစွာ ပျော်ပျော်ရွှင်ရွှင် ပါဝင်ဆင်နွှဲနိုင်စေရန်အတွက် ကွင်းအတွင်းသို့ ဝင်ရောက်စဉ် တာဝန်ရှိသူများက ဝင်ပေါက်ဂိတ်များတွင် လုံခြုံရေးအရ လိုအပ်သည့်စစ်ဆေးမှုများပြုလုပ်ပြီး ဖျော်ဖြေပွဲဝန်းကျင်နေရာများ၌လည်း လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိသည်။

ဖျော်ဖြေကွင်းအတွင်း အလှဓာတ်ပုံရိုက်ရန် Photo Booth များတွင် မိသားစုများ၊ မိတ်ဆွေသူငယ်ချင်းများနှင့်အတူ အလှဓာတ်ပုံများ လွတ်လပ်ပေါ့ပါးစွာ ရိုက်ကြပြီး အချို့မှာ အပျော်တမ်းဂိမ်းကစားနေကြသူများ၊ ချားရဟတ်စီးနေကြသူများနှင့်ကလေးကစားကွင်းတွင် ကလေးများပျော်ရွှင်စွာ ပြေးလွှားခုန်ပေါက်ကစားနေကြသည်ကိုလည်း မြင်တွေ့ရသည်။




ထို့ပြင် လာရောက်လည်ပတ်ကြသူများ စားရေးသောက်ရေးအဆင်ပြေစွာ ဝယ်ယူစားသောက်နိုင်ရေးအတွက် စားသောက်ဆိုင်များနှင့် အမှတ်တရလက်ဆောင်ပစ္စည်းဆိုင်များ အပါအဝင် ဆိုင်ခန်းပေါင်း ၅၀ ကျော် ဖွင့်လှစ်ပြီး ဒေသထွက်ကုန်များ၊ အစားအစာများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိရာ စိတ်ဝင်တစား အားပေးဝယ်ယူစားသောက်ကြသူများဖြင့် စည်ကားလျက်ရှိပြီး ပျော်ရွှင်မှုများနှင့်အတူ သန့်ရှင်းစွာ စည်းကမ်းရှိသည့် ပွဲတော်ဖြစ်စေရေးအတွက် အမှိုက်များ စနစ်တကျစွန့်ပစ်ရန် အမှိုက်ပုံးများအပြင် Mobile Toilet များထားရှိသည်ကိုလည်း တွေ့ရသည်။



ဦးစွာ တေးဂီတဖျော်ဖြေပွဲတွင် နိုင်ငံကျော်တေးသံရှင်များက Music Band များဖြင့် တွဲဖက်၍ ပရိသတ်အကြိုက် တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြရာ ပရိသတ်များ အားပါးတရလိုက်ပါသီဆို၍ ပါဝင်ဆင်နွှဲကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ထို့နောက် ဇာတ်မင်းသား တင်မောင်ဆန်းမင်းဝင်းအဖွဲ့၏ "သဘင်အကနှင့် လှမည့် ည" ကို ကပြဖျော်ဖြေအပြီးတွင် ထိုင်းနိုင်ငံမှ Copy Show အဖွဲ့က "The Gang Of Popular Copy Show" ဖြင့် သီဆိုဖျော်ဖြေကြရာ သဘင်ချစ်ပရိသတ်များနှင်ဂီတကို ချစ်မြတ်နိုးကြသည့် ဂီတချစ်ပရိတ်သတ်များ ကြိတ်ကြိတ်တိုး ကြည့်ရှုအားပေးကြသည်။

ထို့ပြင် ဒီဇင်ဘာ ၃၁ ရက်တွင် Countdown ရေတွက်မည့် အစီအစဉ်အပါအဝင် ဂီတဖျော်ဖြေရေး အစီအစဉ်များကို ညနေ ၅ နာရီမှ စတင်၍ ည ၁ နာရီအထိ သီဆိုကပြဖျော်ဖြေတင်ဆက်သွားကြမည်ဖြစ်ပြီး ဝင်ကြေးကို အခမဲ့သတ်မှတ်ထားကာ ပွဲတော်သို့ လာရောက်ရာတွင် အဆင်ပြေချောမွေ့စေရန်အတွက် ခရီးစဉ်သုံးခု သတ်မှတ်၍ မော်တော်ယာဉ်ကိုးစီးဖြင့် အခမဲ့အသွားအပြန် ပို့ဆောင်ပေးသွားမည်ဖြစ်သဖြင့် မည်သူမဆို လာရောက်လည်ပတ်ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

**သတင်း-လုလင်ပျို၊ ဓာတ်ပုံ - ဖိုးပြည့်စုံ**

## ထန်းတပင်မြို့နယ်၌ ကျေးလက်ဂဝံကုန်ထုတ်လမ်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုစစ်ဆေး

**ထန်းတပင် ဒီဇင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေ ပြည်သူများ၏ လယ်ယာကေများမှ ထွက်ရှိသည့် စိုက်ပျိုးသီးနှံများ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်ရန် ရည်ရွယ်၍ ကျေးလက်ဂဝံကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများကပက်အင်းကလေးကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ စစ်ဆေးရာတွင် ထန်းတပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်ချိုချိုအေးနှင့် တာဝန်ရှိသူများသည် ပက်အင်းကလေးကျေးရွာတွင် ကျေးလက်ဂဝံကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက အဆိုပါကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူကျေးရွာသားများ၊ ကျေးရွာကုန်ထုတ်လမ်း ဖြစ်မြောက်ရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီး ကုန်ထုတ်လမ်းကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းရန် မှာကြားသည်။



အဆိုပါ ကျေးလက်ဂဝံကုန်ထုတ်လမ်းသည် အရှည် ၃ ဒသမ ၀၄ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ထု ၉ လက်မထုရှိ ဂဝံခင်းခြင်းလုပ်ငန်းအမျိုးအစားဖြစ်ပြီး ပြည်ထောင်စုခွင့်ပြုရန်ပုံငွေများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

**၂၂၂**

## မိုင်းရှူးမြို့နယ် နားနမ့်လတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ (ပဉ္စမ) အကြိမ်ထုတ်ချေး

**မိုင်းရှူး ဒီဇင်ဘာ ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ (ပဉ္စမ) အကြိမ်ထုတ်ချေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက နားနမ့်လတ်ကျေးရွာ၌ ကျင်းပသည်။

ဦးစွာ မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဦးက နားနမ့်လတ်ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသူ အသင်းသားများနှင့် တွေ့ဆုံကာ လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၂၈ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် တက်ရောက်လာသော မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက နားနမ့်လတ်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ် လုပ်ကိုင်မည့်အသင်းသူ အသင်းသားများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အသင်းသူအသင်းသား ၁၆ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၂၈ သိန်းအား အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**

### ❖ ကျောဖုံးမှ

အား/ကာသိပွဲအသင်းက ၂၃ မှတ်၊ မဟာယူနိုက်တက်နှင့် ရတနာပုံအသင်းတို့က ၁၉ မှတ်စီ၊ Dagon Port အသင်းက ၁၂ မှတ်၊ သစ္စာအားမာန်အသင်းနှင့် ရှောဝတီယူနိုက်တက်အသင်းက ၁၁ မှတ်စီ၊ မြဝတီအသင်းက လေးမှတ်၊ ရခိုင်ယူနိုက်တက်အသင်းက သုံးမှတ်ရရှိထားသည်။ ရမှတ်အနေအထားအရ ရှမ်းယူနိုက်တက်အသင်းသည် ချန်ပီယံဆုကာကွယ်နိုင်ရန် အခြေအနေအကောင်းဆုံးဖြစ်နေသည်။ ရှမ်းယူနိုက်တက်အသင်းသည် ယခုရာသီတွင် ထပ်မံဗိုလ်စွဲပါက စံချိန်သစ်များစွာ တင်ရှိမည်ဖြစ်သောကြောင့် အကောင်းဆုံး ကြိုးပမ်းလျက်ရှိပြီး ၂၀၂၀ ရာသီကတည်းက တင်ရှိထားသည့် ရှုံးပွဲမရှိ စံချိန်မှာလည်း ပွဲ ၇၀ အထိရှိလာပြီဖြစ်သောကြောင့် ယင်းစံချိန်ကို ဆက်ထိန်းထားနိုင်ခြင်း ရှိမရှိစောင့်ကြည့်ရမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ချန်ပီယံဆုကာကွယ်နိုင်ရန် ဇယားထိပ်ပိုင်းမှ ရန်ကုန်ယူနိုက်တက်၊ ဟံသာဝတီယူနိုက်တက်၊ ဒဂုံစတားယူနိုက်တက်တို့နှင့် ထိပ်တိုက်တွေ့ဆုံမည့်ပွဲများတွင် ရလဒ်ကောင်းရယူနိုင်ရန် လိုအပ်နေသည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-သော်လေး**

### ❒ ကျောဖုံးမှ

ထိန်းချုပ်ကစားနိုင်ပြီး သွင်းဂိုးများ ရယူနိုင်ခဲ့သည်။ လီဗာပူးအသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် ဒုတိယနေရာမှ အနီးကပ်ဖိအားပေးလျက်ရှိသည့် နော်တင်ဟမ်ဖောရက်စ်အသင်းကို ရှစ်မှတ်ဖြတ်ကာ အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည်။ ပြိုင်ဘက်ဝက်စ်ဟမ်းအသင်းက ယခုပွဲစဉ်ရှုံးနိမ့်ခဲ့သည့်အတွက် ရှုံးပွဲ ရှစ်ပွဲရှိလာပြီ ဖြစ်သည်။

လီဗာပူးအသင်းအတွက် သွင်းဂိုးများကို ဒီယက်ဇ်၊ ဂတ်ပို၊ ဆာလာ၊ အလက်ဇန္ဒြား အာနိုးနှင့် ဂျိုတာတို့က သွင်းယူပေးခဲ့သည်။ ယခုပွဲစဉ်တွင် သွင်းဂိုးတစ်ဂိုးရယူနိုင်ခဲ့သော တိုက်စစ်ကစားသမား ဆာလာသည် ပရီမီယာလိဂ်သွင်းဂိုးအများဆုံးသွင်းယူထားသူ စာရင်းတွင် ၁၇ ဂိုးဖြင့် ဦးဆောင်လျက်ရှိသည်။ ပရီမီယာလိဂ်ပွဲစဉ် (၁၉) မှ အခြားပွဲစဉ်ရလဒ်များတွင် မန်စီးတီးက လက်စတာကို နှစ်ဂိုး-ဂိုးမရှိ၊ ခရစ္စတယ်ပဲလေ့စ်က ဆောက်သမ်တန်ကို နှစ်ဂိုး-တစ်ဂိုး၊ နော်တင်ဟမ်ဖောရက်စ်က အဲဗာတန်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲကိုယ်စီရရှိခဲ့ပြီး စပါးနှင့် ဝုဖ်အသင်းပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သလို ဖူလ်ဟမ်နှင့် ဘုန်းမောက်အသင်းပွဲစဉ်တွင်လည်း တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည်။

**အောင်ဇော်**

### မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# ဗီယက်နမ်နိုင်ငံတစ်ဝန်း ၂၀၂၄ ခုနှစ်အတွင်းဖြစ်ပွားသော သဘာဝဘေးအန္တရာယ်များကြောင့် လူပေါင်း ၅၁၄ ဦး သေဆုံး၊ ၂၂၀၇ ဦး ဒဏ်ရာရရှိ



**ဟနွိုင်း ဒီဇင်ဘာ ၃၀**

ဗီယက်နမ်နိုင်ငံတစ်ဝန်း ၂၀၂၄ ခုနှစ်အတွင်းဖြစ်ပွားသော သဘာဝဘေးအန္တရာယ်များကြောင့် လူပေါင်း ၅၁၄ ဦး သေဆုံးခဲ့ပြီး ၂၂၀၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်း စိုက်ပျိုးရေးနှင့် ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ငုယင်ဟောင်ဟစ်က ပြောကြားသည်။

သေဆုံးသူအရေအတွက်သည် ၂၀၂၃ ခုနှစ်ထက် ၃ ဒသမ ၀၄ ကြိမ်ပိုများခဲ့ကြောင်းနှင့် ၂၀၁၄ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း သာမန်ပျမ်းမျှသေဆုံးသူအရေအတွက်ထက် ၂ ဒသမ ၄၄ ကြိမ်ပိုများခဲ့ကြောင်း ဒေသမီဒီယာများတွင် ဒီဇင်ဘာ ၃၀ ရက်က ဖော်ပြခဲ့သည်။

သဘာဝဘေးအန္တရာယ်များကြောင့် ၂၀၂၄ ခုနှစ်အတွင်း သေဆုံးခဲ့သူများအနက် သေဆုံးသူ ၃၄၅ ဦးမှာ တိုင်ဖွန်းမုန်တိုင်း ရာဂီကြောင့်ဖြစ်ပြီး အဆိုပါမုန်တိုင်းသည်နှစ်ပေါင်း ၃၀ အတွင်း တောင်တရုတ်ပင်လယ်တွင်ဖြစ်ပေါ်ခဲ့သော အပြင်းထန်ဆုံးမုန်တိုင်း ဖြစ်သည်။

သဘာဝဘေးအန္တရာယ်များကြောင့် စီးပွားရေးဆိုင်ရာ ပျက်စီးဆုံးရှုံးမှုပမာဏမှာ ဗီယက်နမ်ဒေါင် ၈၈ ဒသမ ၇ ထရီလီယံ (အမေရိကန်ဒေါ်လာ ၃ ဒသမ ၄ သန်း) ဖြစ်သည်။ အဆိုပါပမာဏသည် ၂၀၂၃ ခုနှစ်ထက် ၉ ဒသမ ၅၂ ဆ ပိုများကြောင်း သိရသည်။

၂၀၂၄ ခုနှစ်အတွင်း ဗီယက်နမ်နိုင်ငံသည် အလွန်ပြင်းထန်သည့် သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်ကြုံတွေ့ခဲ့ကြောင်း ဒုတိယဝန်ကြီးက ပြောသည်။

၂၀၂၄ ခုနှစ်အတွင်း မြေပြန့်လွင်ပြင်ဒေသ၊ တောင်ကုန်းဒေသ၊ အလယ်ပိုင်းကုန်းမြင့်ဒေသတို့တွင် လျှပ်တစ်ပြက်ရေကြီးရေလျှံနှင့် မြေပြိုမှုပေါင်း ၃၉ ကြိမ်ခန့်ဖြစ်ပွားခဲ့သည်။ **ဆင်ဟွာ**

# ကာတာနိုင်ငံသို့ ယခုနှစ်အတွင်း ခရီးသည်ငါးသန်းကျော် လာရောက်လည်ပတ်

**ဒိုဟာ ဒီဇင်ဘာ ၃၀**

ကာတာနိုင်ငံသို့ ၂၀၂၄ ခုနှစ်အတွင်း ခရီးသည် ငါးသန်းကျော် လာရောက်လည်ပတ်ရာ ၂၀၂၃ ခုနှစ်နှင့် နှိုင်းယှဉ်ကြည့်ပါက နိုင်ငံတကာခရီးသည် လာရောက်မှု ၂၅ ရာခိုင်နှုန်းတိုးလာကြောင်း ကာတာခရီးသွားလုပ်ငန်း ခရီးသွားကဏ္ဍထိန်းသိမ်းရေးအဖွဲ့က ဒီဇင်ဘာ ၂၉ ရက်တွင် ကြေညာသည်။

**သိသာသည့် အောင်မြင်မှုတစ်ခုဖြစ်**

ခရီးသည်ငါးသန်းကျော်ဝင်ရောက်မှုမှာ ကာတာနိုင်ငံအတွက် သိသာသည့် အောင်မြင်မှုတစ်ခုဖြစ်ကြောင်း၊ ကမ္ဘာ့အမြန်ဆုံးဖွံ့ဖြိုးမှုနှင့် မိသားစုအတွက် သင့်လျော်သော ထိပ်တန်းခရီးသွားနေရာတစ်ခု ဖန်တီးရေးအတွက် ရည်မှန်းချက်ကို အကောင်အထည်ဖော်ရန် ပို၍ နီးကပ်လာစေကြောင်း ကာတာခရီးသွားလုပ်ငန်းအကြီးအကဲ ဆာ့ဘင်အလီအယ်ခါဂျီက ပြောကြားသည်။

**ခရီးသည်သုံးဆနီးပါးရှိရန် ရည်မှန်း**

ကာတာသည် ခရီးသည်အရေအတွက် သုံးဆနီးပါးရှိရန်နှင့် ခရီးသွားလုပ်ငန်းမှ ပံ့ပိုးကူညီမှုသည် နိုင်ငံ့ဝင်ငွေ ၁၀ ရာခိုင်နှုန်းမှ ၁၂ ရာခိုင်နှုန်းအထိ တိုးလာရန် ရည်မှန်းထားကြောင်း ၎င်းက မှတ်ချက်ပြုထားသည်။ **ဆင်ဟွာ**




# ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ဟိုတယ်တစ်လုံး မီးလောင်မှုဖြစ်ပွား၊ သုံးဦး သေဆုံး

**ဘန်ကောက် ဒီဇင်ဘာ ၃၀**

ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ ဟိုတယ်တစ်လုံး မီးလောင်မှုဖြစ်ပွားရာ နိုင်ငံခြားသားသုံးဦး သေဆုံးကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကြောင့် ဂျပန်နိုင်ငံသားနှစ်ဦး ပြင်းပြင်းထန်ထန် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဂျပန်သံရုံးက ပြောသည်။ ဒေသအာဏာပိုင်များက တစ်ဦးမှာ သတိလစ်နေကြောင်းနှင့်အခြားတစ်ဦးမှာလည်း မီးခိုးငွေ့ရှူရှိုက်မိခြင်းအပါအဝင် ထိခိုက်ဒဏ်ရာများအတွက် ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်း ပြောသည်။

နိုင်ငံခြား ခရီးသွားများဖြင့် စည်ကားလျက်ရှိသော ဖျော်ဖြေရေးနေရာတစ်ခုဖြစ်သည့် ခေါက်ဆန်လမ်းအနီး၌ ဒီဇင်ဘာ ၂၉ ရက် ညပိုင်းက ယင်းဖြစ်ရပ် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ဟိုတယ်ခန်းတစ်ခုအတွင်း၌လည်း မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဒေသအာဏာပိုင်များက ပြောသည်။

ရုပ်သံဖိုင်တစ်ခုတွင် ခြောက်ထပ် အဆောက်အအုံတစ်လုံး၏ ခေါင်မိုး၌ မီးခိုးလုံးများ လွင့်တက်လာသည်ကို တွေ့ရကြောင်းနှင့် မီးသတ်သမားများက အချိန်တစ်နာရီခန့်ကြာ မီးငြိမ်းသတ်ခဲ့ကြရကြောင်း သိရသည်။ နိုင်ငံခြားအမျိုးသမီးတစ်ဦးနှင့် အမျိုးသားနှစ်ဦး သေဆုံးကြောင်း ဒေသအာဏာပိုင်များက ပြောသည်။

**အင်န်အိတ်ချ်ကေ**

# မွန်ဂိုလီးယားနိုင်ငံ၏ တိရစ္ဆာန်အရေအတွက် ယခုနှစ်အတွင်း ၁၁ ရာခိုင်နှုန်းခန့် ကျဆင်း

**အူလန်ဘာတာ ဒီဇင်ဘာ ၃၀**

မွန်ဂိုလီးယားနိုင်ငံ၏ တိရစ္ဆာန်အရေအတွက်မှာ ယခုနှစ်အတွင်း ၅၇ ဒသမ ၆ သန်းအထိ ကျဆင်းသဖြင့် ယမန်နှစ်နှင့် နှိုင်းယှဉ်ပါက ၁၀ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း အမျိုးသားစာရင်းအင်းရုံး (အင်န်အက်စ်အို) က ဒီဇင်ဘာ ၃၀ ရက်တွင် ထုတ်ပြန်ထားသည်။

ယင်းသို့ တိရစ္ဆာန်ကောင်ရေ လျော့နည်းရခြင်းမှာ ပြီးခဲ့သည့် ဆောင်းရာသီက "Dzud" ဟု လူသိများသည့် တိရစ္ဆာန်များ၏ အသက်ရှင်သန်မှုကို အကြီးအကျယ်ထိခိုက်စေသည့် ထူးကဲသည့် ဆောင်းရာသီအခြေအနေကြောင့်ဟု အဓိကယူဆမိကြောင်း သိရသည်။ "Dzud" သည် အေးခဲခြင်း သို့မဟုတ် နှင်းဖုံးလွှမ်းသည့် မြေပြင်ကြောင့် တိရစ္ဆာန်များ အသက်ရှင်သန်ရန် ရုန်းကန်နေရချိန် ပြင်းထန်စွာအေးခဲသည့် ဆောင်းရာသီကို ရည်ညွှန်းသော မွန်ဂိုလီးယား ဝေါဟာရဖြစ်ကြောင်း သိရသည်။

မွန်ဂိုလီးယားနိုင်ငံ၌ သိုး ၄၂ ဒသမ ၅ ရာခိုင်နှုန်း၊ ဆိတ် ၃၉ ဒသမ ၈ ရာခိုင်နှုန်း၊ ကျွဲ/နွား ၈ ဒသမ ၈ ရာခိုင်နှုန်း၊ မြင်း ၈ ဒသမ ၁ ရာခိုင်နှုန်းနှင့် ကုလားအုတ် ၀ ဒသမ ၈ ရာခိုင်နှုန်းရှိကြောင်း အမျိုးသား စာရင်းအင်းရုံး၏ မကြာသေးမီက ကောက်ယူသည့် နှစ်စဉ်တိရစ္ဆာန်စာရင်းအရ သိရသည်။

မွန်ဂိုလီးယား နိုင်ငံအတွင်း ပြည်နယ် ၂၁ ခုအနက် မြောက်ဘက် အစွန်ဆုံးပြည်နယ် ခတ်စ်ဂေါ့၌ တိရစ္ဆာန်ကောင်ရေ ၅ ဒသမ ၂ သန်းဖြင့် အများဆုံးရှိပြီး အလယ်ပိုင်းပြည်နယ်များဖြစ်သည့် ယူဖျူခ်ဟန်ဂိုင်၌ ၅ ဒသမ ၁ သန်းနှင့် တုပြည်နယ်၌ ၄ ဒသမ ၂ သန်းရှိကြောင်း သိရသည်။ **ဆင်ဟွာ**



# ရွေးကောက်ပွဲကျင်းပရန် အချိန်လေးနှစ်အထိကြာနိုင်ဟု ဆီးရီးယား အိတ်ချ်တီအက်စ် ခေါင်းဆောင်ပြောကြား

**ဒမတ်စကတ် ဒီဇင်ဘာ ၃၀**

သမ္မတဟောင်း ဘာရှာအယ်အာဆတ်၏ အစိုးရအာဏာမှ ဖြုတ်ချခံရပြီးနောက် နိုင်ငံအတွင်း ရွေးကောက်ပွဲကျင်းပရန် လေးနှစ်အထိကြန့်ကြာနိုင်ကြောင်း ဆီးရီးယားကြားဖြတ်အစိုးရကို ဦးဆောင်သောအဖွဲ့၏ခေါင်းဆောင်က အင်တာဗျူးတစ်ခုတွင် ပြောကြားလိုက်သည်။

ဒီဇင်ဘာ ၂၉ ရက်က အရှေ့အလယ်ပိုင်း ဂြိုဟ်တုရုပ်မြင်သံကြား Al Arabiya နှင့် အင်တာဗျူးတစ်ခုတွင် ဟာယတ်တာရီအယ်ရှမ်းအဖွဲ့ (အိတ်ချ်တီအက်စ်) ခေါင်းဆောင် အဘူမိုဟာမက်အယ်ဂိုလန်နီက ထိုကဲ့သို့ မှတ်ချက်ပြုပြောကြားလိုက်ခြင်း ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ရေးဆွဲရန် အချိန်သုံးနှစ်ကြာနိုင်ကြောင်း၊ သန်းခေါင်စာရင်းအပြည့်အဝကောက်ယူရန် လိုအပ်သည့်အတွက် ရွေးကောက်ပွဲကျင်းပရန် လေးနှစ်အထိ ကြာနိုင်ကြောင်း ဂိုလန်နီက ပြောသည်။ ပြည်တွင်းစစ်ပွဲအတွင်း ဆီးရီးယားနိုင်ငံသားအများစုမှာ ပြည်တွင်းနေရပ်စွန့်ခွာ သို့မဟုတ် အခြားသောနိုင်ငံများသို့ ထွက်ပြေးတိမ်းရှောင်နေကြရသည့်အတွက် မဲပေးပိုင်ခွင့်ရှိသူများကို သတ်မှတ်ရာတွင် အချိန်ကြန့်ကြာနိုင်ကြောင်း ၎င်းက ဆက်ပြောသည်။

နိုင်ငံ၏စီးပွားရေးကို ပြန်လည်တည်ဆောက်ရာတွင် နိုင်ငံတကာအဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည် ပဓာနကျကြောင်း ဂိုလန်နီက အလေးပေးပြောသည်။ ထို့အပြင် ဂိုလန်နီသည် အမေရိကန်ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရမ့်အစိုးရအနေဖြင့် ဆီးရီးယားအပေါ် ပိတ်ဆို့မှုများကို ရုပ်သိမ်းပေးရန် တောင်းဆိုထားသည်။

**အင်န်အိတ်ချ်ကေ**

# ယခုနှစ် ဇူလိုင်လမှ ဒီဇင်ဘာလအထိ ကမ္ဘာတစ်ဝန်း ထူးထူးခြားခြား ဖြစ်စဉ်များ

*လင်းလက်ကြယ်*

**ဇူလိုင်**

**အီရန်နိုင်ငံမှာ ခေါင်းဆောင် အစ္စမေးလ်ဟာနီယေး သတ်ဖြတ်ခံရ**

အီရန်နိုင်ငံရဲ့ မြို့တော်တီဟီရန်မှာ အစ္စရေးရဲ့ တိုက်ခိုက်မှုကြောင့် နိုင်ငံရေးခေါင်းဆောင် အစ္စမေးလ် ဟာနီယေး သေဆုံးသွားကြောင်း ဟားမားစ်အဖွဲ့က ပြောပါတယ်။ ဟာနီယေးဟာ သေနတ်ပစ်ခတ်ခံရပြီး သေဆုံးသွားခြင်းဖြစ်တယ်လို့ အစ္စလာမ္မစ် တော်လှန်ရေးအစောင့်တပ်ရဲ့ ပြောကြားချက်ကို အီရန်နိုင်ငံပိုင် ရုပ်မြင်သံကြားက ကိုးကားဖော်ပြထားပါတယ်။ ဟာနီယေးဟာ ကာတာနိုင်ငံမှာ အခြေပြုနေထိုင်လျက်ရှိပေမယ့် အီရန်နိုင်ငံရဲ့ သမ္မတသစ်ကျမ်းသစ္စာကျိန်ဆိုပွဲကို တက်ရောက်ဖို့ တီဟီရန်သို့ ရောက်ရှိလာတာဖြစ်ပါတယ်။

**အင်န်အိတ်ချ်ကေ**

**ဩဂုတ်**

**ဗီယက်နမ်နိုင်ငံမှာ ရှစ်လအတွင်း ယာဉ်မတော်တဆမှုတွေကြောင့် လူပေါင်း ၇၀၀၀ ကျော် သေဆုံး**

ဗီယက်နမ်နိုင်ငံမှာ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်မှ ၂၀၂၄ ခုနှစ် ဩဂုတ် ၁၄ ရက်အထိ လမ်းမတော်တဆမှုပေါင်း ၁၆၀၄၃ ကြိမ် ဖြစ်ပွားခဲ့ရာ လူပေါင်း ၇၀၇၇ ဦး သေဆုံးပြီး ၁၂၂၄၈ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့တယ်လို့ အမျိုးသားယာဉ်အန္တရာယ်ကင်းရှင်းရေးကော်မတီက ပြောပါတယ်။ လမ်းမတော်တဆဖြစ်ပွားမှုအရေအတွက်နဲ့ ထိခိုက်ဒဏ်ရာရရှိသူ အရေအတွက်မှာ တစ်နှစ်ထက်တစ်နှစ် ၁၃ ဒသမ ၀၁ ရာခိုင်နှုန်းနဲ့ ၂၉ ဒသမ ၁၄ ရာခိုင်နှုန်း အသီးသီးမြင့်တက်လာတယ်လို့ ဆိုပါတယ်။ သို့သော်ငြား ဒေသမီဒီယာရဲ့ ဖော်ပြချက်မှာ သေဆုံးသူအရေအတွက် တစ်နှစ်ထက်တစ်နှစ် ၁၀ ဒသမ ၅၆ ရာခိုင်နှုန်း ကျဆင်းလာကြောင်း ဖော်ပြထားပါတယ်။

**ဆင်ဟွာ**

**စက်တင်ဘာ**

**BRICS မီဒီယာခေါင်းဆောင်တွေ မော်စကိုထိပ်သီးအစည်းအဝေး၌ ဝင်ရိုးစုံကမ္ဘာ အခန်းကဏ္ဍတွင် ပိုမိုပါဝင်ရန် ကတိပြု**

နိုင်ငံပေါင်း ၄၀ ကျော်မှ BRICS မီဒီယာခေါင်းဆောင် ၆၀ ကျော်ဟာ ရုရှားနိုင်ငံ မော်စကိုမှာ BRICS မီဒီယာ ထိပ်သီးအစည်းအဝေးကို စက်တင်ဘာ ၁၄ ရက်က ဖွင့်လှစ်ခဲ့ပါတယ်။ ဆင်ဟွာနယူးစ်အေဂျင်စီနဲ့ BRICS မီဒီယာဖိုရမ်ရဲ့ အမှုဆောင်ဥက္ကဋ္ဌ ဖူဟွာက “ယနေ့ကမ္ဘာကြီးဟာ ရာစုနှစ်တစ်ခုအတွင်းမှာ မမြင်နိုင်တဲ့ပြောင်းလဲမှုကြီးတွေနဲ့ ရင်ဆိုင်နေရကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ ဘက်ပေါင်းစုံ အုပ်ချုပ်မှုစနစ်မှာ ပြင်းထန်တဲ့ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်ကြုံတွေ့နေရကြောင်း” ၎င်းရဲ့ မိန့်ခွန်းမှာ ထည့်သွင်းပြောကြားခဲ့ပါတယ်။

ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလာဗရော့ဗ်က BRICS သည် တစ်မူထူးခြားတဲ့ နိုင်ငံပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေး ယန္တရားဖြစ်ပြီး ပါဝင်သူအားလုံးဟာ နှစ်ပေါင်းများစွာ အကျိုးဖြစ်ထွန်းတဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို လုပ်ဆောင်ခဲ့ကြတယ်လို့ ထိပ်သီးအစည်းအဝေးတွင် ဗီဒီယိုမက်ဆေ့ချ်မှတစ်ဆင့် ပြောကြားခဲ့ပါတယ်။

BRICS သည် ဝင်ရိုးစုံကမ္ဘာကြီး (multipolar world) တွင် အရေးပါတဲ့ မဏ္ဍိုင်တွေထဲမှ တစ်ခုဖြစ်လာကြောင်းနဲ့ ဤပူးပေါင်းဆောင်ရွက်မှု ယန္တရားတွင် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအများစု၏ အကျိုးစီးပွားသည် တစ်နေ့တခြားတိုးတက်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားထားပါတယ်။

**အင်န်အိတ်ချ်ကေ**

**စက်တင်ဘာ**

**ဆူဒန်နိုင်ငံမှာ ကာလဝမ်းရောဂါကူးစက်ဖြစ်ပွားသူ ၉၅၀၀ ကျော်နဲ့ လူပေါင်း ၃၁၅ ဦး သေဆုံးမှုဖြစ်ပွား**

ဆူဒန်နိုင်ငံမှာ ကာလဝမ်းရောဂါကြောင့် သေဆုံးသူ ၃၁၅ ဦး အပါအဝင် ရောဂါကူးစက်ဖြစ်ပွားသူပေါင်း ၉၅၃၃ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောပါတယ်။ ဆူဒန်ကျန်းမာရေးဝန်ကြီး မိုဟာမက်အီဗရာဟင်က ဆူဒန်နိုင်ငံမှာ ကာလဝမ်းရောဂါဖြစ်ပွားမှုကို ဩဂုတ်လ ၁၇ ရက်တွင် တရားဝင်ထုတ်ပြန်ကြေညာခဲ့ပါတယ်။

ကာလဝမ်းရောဂါကူးစက်ပျံ့နှံ့မှုဆိုးရွားလာခြင်းမှာ စစ်ပွဲနဲ့ မသန့်ရှင်းတဲ့ရေတွေကို သုံးစွဲမိတာကြောင့် ဖြစ်ပေါ်လာတဲ့ ပတ်ဝန်းကျင်အခြေအနေတွေကြောင့်လို့ ကျန်းမာရေးဝန်ကြီးဌာနက ဆိုပါတယ်။ ဆူဒန်တပ်မတော်နဲ့ လက်နက်ကိုင်တပ်ဖွဲ့ Rapid Support Forces တို့အကြား ပဋိပက္ခဖြစ်ပွားပြီးနောက် ကာလဝမ်းရောဂါ၊ ဝက်သက်ရောဂါနဲ့ သွေးလွန်တုပ်ကွေးရောဂါကဲ့သို့ ကူးစက်ရောဂါတွေပျံ့နှံ့ခဲ့ပြီး လူပေါင်းရာနဲ့ချီ သေဆုံးမှုဖြစ်ပွားခဲ့တယ်လို့လည်း ဆိုပါတယ်။ ပဋိပက္ခဖြစ်ပွားမှုကြောင့် လူပေါင်း ၁၆၆၅၀ ကျော် သေဆုံးကာ လူပေါင်းသန်းနဲ့ချီ အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ကြရပါတယ်။

**ဆင်ဟွာ**

**အောက်တိုဘာ**

**သီရိလင်္ကာနိုင်ငံမှာ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူပေါင်း ၄၀၀၀၀ ကျော်ရှိ**

သီရိလင်္ကာနိုင်ငံမှာ ယခုနှစ်အတွင်း လက်ရှိအချိန်အထိ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူပေါင်း ၄၀၀၀၀ ကျော်ရှိကြောင်း အမျိုးသားသွေးလွန်တုပ်ကွေးရောဂါ ထိန်းချုပ်ရေးဌာနရဲ့ ထုတ်ပြန်တဲ့ ထုတ်ပြန်ချက်အရ သိရပါတယ်။ သွေးလွန်တုပ်ကွေးရောဂါအဖြစ်အများဆုံးပြည်နယ်မှာ အနောက်ပိုင်းပြည်နယ်ဖြစ်ပြီး ရောဂါကူးစက်ဖြစ်ပွားမှုပေါင်းရဲ့ ၄၂ ဒသမ ၃ ရာခိုင်နှုန်းရှိတယ်လို့ ဆိုပါတယ်။

ဒါ့အပြင် မြောက်ပိုင်းပြည်နယ်မှာ ဒုတိယမြောက် သွေးလွန်တုပ်ကွေးရောဂါအဖြစ်အများဆုံးဖြစ်ပြီး ၁၂ ရာခိုင်နှုန်းရှိကြောင်းနဲ့ အလယ်ပိုင်းပြည်နယ်မှာ တတိယမြောက် သွေးလွန်တုပ်ကွေးရောဂါအဖြစ်အများဆုံးဖြစ်ပြီး ၁၀ ဒသမ ၃ ရာခိုင်နှုန်းရှိကြောင်း သိရပါတယ်။

**ဆင်ဟွာ**

**အောက်တိုဘာ**

**ဟစ်ဇ်ဘိုလာအဖွဲ့က ခေါင်းဆောင်သစ်အဖြစ် ကာစင်ကို ရွေးချယ်**

လက်ဘနွန်အခြေစိုက် ရှီအာမွတ်စလင်အဖွဲ့ ဟစ်ဇ်ဘိုလာက ၎င်းတို့ရဲ့ ခေါင်းဆောင်သစ်အဖြစ် နင်းမ်ကာစင်ကို ရွေးချယ်လိုက်ကြောင်း ထုတ်ပြန်ကြေညာလိုက်ပါတယ်။ ဒါကြောင့် ကာစင်ဟာ ပြီးခဲ့တဲ့လက ဘေရွတ်မြို့အပြင်ဘက်ရှိ ဟစ်ဇ်ဘိုလာဌာနချုပ်ကို အစ္စရေးက လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ရာမှာ သေဆုံးခဲ့တဲ့ ဟာဆန်နာစရယ်လာရဲ့နေရာကို ဆက်ခံသူဖြစ်လာခဲ့ပါတယ်။

**နိုဝင်ဘာ**

**အာဖရိကဦးချိုဒေသမှာ စားရေရိက္ခာမလုံလောက်မှုနဲ့ ကြုံတွေ့ရသူပေါင်း ၆၅ သန်းခန့်ရှိ**

အာဖရိကဦးချိုဒေသရှိ လူပေါင်း ၆၅ သန်းခန့်မှာ စားရေရိက္ခာမလုံလောက်မှုနဲ့ ကြုံတွေ့နေကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာနဲ့ စိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို) နဲ့ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစိုးရချင်းချင်းပူးပေါင်းဆောင်ရွက်မှု အာဏာပိုင်အဖွဲ့ (အိုင်ဂျီအေဒီ) တို့က ပူးတွဲကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ပါတယ်။

အဲဒီအရေအတွက်ဟာ ဩဂုတ်လက အရေအတွက်ထက် အနည်းငယ် ကျဆင်းလာကြောင်း၊ လူပေါင်း ၆၅ သန်းအနက် ၃၆ သန်းမှာ ဂျီဘူတီ၊ အီရီထရီးယား၊ အီသီယိုးပီးယား၊ ကင်ညာ၊ ဆိုမာလီယာ၊ ဆူဒန်၊ ယူဂန္ဓာ စတဲ့ အိုင်ဂျီအေဒီအဖွဲ့ဝင်နိုင်ငံတွေမှ ဖြစ်တယ်လို့ ဆိုပါတယ်။ ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံးရဲ့ ထုတ်ပြန်ချက်မှာ အာဖရိကဦးချိုဒေသတွင် အကျပ်အတည်းဖြစ်ပွားမှုကိုဖြေရှင်းဖို့ လူသားချင်းစာနာမှုအကူအညီ အမေရိကန်ဒေါ်လာ ၉ ဒသမ ၈ ဘီလီယံခန့် လိုအပ်လျက်ရှိကြောင်း ဖော်ပြထားပါတယ်။

**ဆင်ဟွာ**



**နိုဝင်ဘာ**

**အိန္ဒိယနိုင်ငံက ပြည်တွင်းထုတ် တာဝေးပစ် အသံထက်မြန်ဒုံးကျည်ကို အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်**

အိန္ဒိယနိုင်ငံက ၎င်းရဲ့ ပထမဆုံးပြည်တွင်းထုတ် တာဝေးပစ် အသံထက်မြန်ဒုံးကျည်ကို အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်နိုင်ခဲ့ကြောင်း ပြောကြားလိုက်ပါတယ်။ အဲဒီအသံထက်မြန် ဒုံးကျည်ကို အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဩဒစ်ရှာကမ်းလွန်ရှိ ကျွန်းတစ်ကျွန်းမှ ပစ်လွှတ်ခဲ့တာဖြစ်ပါတယ်။ ယင်းဒုံးကျည်ဟာ ၁၅၀၀ ကီလိုမီတာ အကွာအဝေးအထိ ဗုံး၊ ဒရုန်း စတဲ့ စစ်ဘက်သုံးလက်နက်အမျိုးမျိုးကို သယ်ဆောင်နိုင်ကြောင်း အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာနက ပြောပါတယ်။

ကာကွယ်ရေးဝန်ကြီး ရာဂျီနာဆင်းဒ်က အသံထက်မြန်ဒုံးကျည် စမ်းသပ်ပစ်လွှတ်မှုကို သမိုင်းဝင်အခိုက်အတန့်ဖြစ်ကြောင်း လူမှုကွန်ရက် X တွင် ရေးသားထားပါတယ်။ ယင်းအောင်မြင်မှုကြောင့် အိန္ဒိယနိုင်ငံဟာ ခေတ်မီစစ်ဘက်ရေးရာနည်းပညာတွေကို ပိုင်ဆိုင်ထားတဲ့ ကမ္ဘာ့ထိပ်တန်းနိုင်ငံတွေထဲ ပါဝင်လာပြီဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားပါတယ်။ အသံထက်မြန်ဒုံးကျည်တွေဟာ ရှာဖွေထောက်လှမ်းဖို့ ခက်ခဲပြီး ကြားဖြတ်ပစ်ချဟန့်တားဖို့ ခက်ခဲတယ်လို့ သိရပါတယ်။

**အင်န်အိတ်ချ်ကေ**

**နိုဝင်ဘာ**

**၂၀၂၃ ခုနှစ်မှာ အေအိုင်ဒီအက်စ်နဲ့ ဆက်နွယ်တဲ့ သေဆုံးသူပေါင်း ၆၃၀၀၀၀ ရှိ**

နိုဝင်ဘာ ၂၆ ရက်က ထုတ်ပြန်တဲ့ အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ဆိုင်ရာ ကုလသမဂ္ဂပူးတွဲအစီအစဉ် (ယူအင်န်အေအိုင်ဒီအက်စ်) ရဲ့ အစီရင်ခံစာသစ်တစ်ခုမှာ ယမန်နှစ်က အေအိုင်ဒီအက်စ်နဲ့ ဆက်နွယ်တဲ့ နာမကျန်းမှုတွေကြောင့် လူပေါင်း ၆၃၀၀၀၀ အသက်ဆုံးရှုံးမှုဖြစ်ပွားခဲ့ကြောင်းနဲ့ ကမ္ဘာတစ်ဝန်း လူပေါင်း ၁ ဒသမ ၃ သန်းမှာ အိတ်ချ်အိုင်ဗွီရောဂါပိုး ကူးစက်ခံထားရကြောင်း ဖော်ပြထားပါတယ်။

**ဆင်ဟွာ**

**ဒီဇင်ဘာ**

**သမ္မတဘိုင်ဒင်ရဲ့ သားဖြစ်သူ ဟန်တာရဲ့ လွတ်ငြိမ်းချမ်းသာခွင့်အပေါ် ရွေးကောက်ခံသမ္မတ ထရမ့် ပြစ်တင်ရှုတ်ချ**

အမေရိကန်ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရမ့်က တရားမျှတမှုကို အလွဲသုံးစားပြုလုပ်တယ်လို့ဆိုကာ သမ္မတဂျိုးဘိုင်ဒင်ရဲ့ သားဖြစ်သူ ဟန်တာဘိုင်ဒင်ရဲ့ လွတ်ငြိမ်းချမ်းသာခွင့်အပေါ် ပြစ်တင်ရှုတ်ချလိုက်ပါတယ်။ လက်နက်ဝယ်ယူမှုအပြင် အခြားစွဲချက်တွေနဲ့ ပြစ်ဒဏ်ချမှတ်ခံထားရတဲ့ ဟန်တာရဲ့ လွတ်ငြိမ်းချမ်းသာခွင့်ကို ဒီဇင်ဘာ ၁ ရက် အစောပိုင်းမှာ သမ္မတဘိုင်ဒင်က လက်မှတ်ရေးထိုးခဲ့တာဖြစ်ပါတယ်။

ထရမ့်ကိုယ်တိုင်လည်း ၎င်းရဲ့ ပထမသမ္မတသက်တမ်းမကုန်ဆုံးမီ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလမှာ လူအများအပြားကို လွတ်ငြိမ်းချမ်းသာခွင့် သို့မဟုတ် ၎င်းတို့ရဲ့ ပြစ်ဒဏ်တွေကို လျှော့ပေါ့ပေးခဲ့ပါတယ်။ လွတ်ငြိမ်းချမ်းသာခွင့်ပြုသူတွေထဲမှာ ထရမ့်ရဲ့ ၂၀၁၆ ခုနှစ် မဲဆွယ်စည်းရုံးရေးအဖွဲ့ဝင်တွေပါဝင်တယ်လို့ ဆိုပါတယ်။ **အင်န်အိတ်ချ်ကေ**



**ဒီဇင်ဘာ**

**တောင်ကိုရီးယားမှာ လေယာဉ်ပျက်ကျ၊ ၁၇၉ ဦး သေဆုံး**

တောင်ကိုရီးယားနိုင်ငံ အနောက်တောင်ပိုင်း လေဆိပ်၌ လေယာဉ်ပျက်ကျမှုကြောင့် သေဆုံးသူဦးရေမှာ ၁၇၉ ဦး ရှိလာပြီလို့ မီးသတ်အာဏာပိုင်တွေက ပြောပါတယ်။ ခရီးသည် ၁၇၅ ဦးနဲ့ လေယာဉ်အမှုထမ်းခြောက်ဦး လိုက်ပါလာသော တောင်ကိုရီးယား ဂျယ်ဂျူလေကြောင်းလိုင်းမှ အဲဒီလေယာဉ်ဟာ မူအန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ကိုဆင်းသက်စဉ် ပျက်ကျမှုဖြစ်ပွားခဲ့ပါတယ်။ လေယာဉ်ပေါ်ပါ ခရီးသည် ၁၇၃ ဦးမှာ တောင်ကိုရီးယားနိုင်ငံသားတွေဖြစ်ပြီး နှစ်ဦးမှာ ထိုင်းနိုင်ငံသားတွေ ဖြစ်ပါတယ်။

**အင်န်အိတ်ချ်ကေ**

# အကောင်းဆုံးနှစ်သစ်ကို ဖြတ်သန်းဖို့ သန္နိဋ္ဌာန်တွေ ချကြစို့

ပေါက်ပေါက်

**နှစ် တစ် နှစ် ကုန်ဆုံးသွားခဲ့ပြန်ပါပြီ။ နှစ်ဟောင်းကုန်လို့ နှစ်သစ်ရောက်ပါပြီ။ ပုထုဇဉ် လူသားပီပီ နှစ်ဟောင်းမှာ တွေ့ကြုံခဲ့ရတဲ့ လောကဓံ တရားတွေကို ခံစားခဲ့ကြပြီးပြီမို့ အတိတ်ကိုအရိပ်မှာ ထားခဲ့ရင်း ဒီလောကဓံတွေကို နည်းနမူနာယူ၍ အမြတ်ထုတ်ကာ မကြာခင်ရောက်ရှိလာတော့မယ့် နှစ်သစ်မှာ အကောင်းဆုံး ဖြတ်သန်းကြပါစို့လားရှင်။**




လူတချို့က နှစ်သစ်ကူးညမှာ ချစ်ခင်ရတဲ့ မိသားစု သို့မဟုတ် ချစ်မိတ်ဆွေ သူငယ်ချင်းများနဲ့ တပျော်တပါး မိတ်ဆုံစားကာ နှစ်သစ်အခါသမယကို ကြိုဆိုကြရင်း၊ "Happy New Year" လို့ သံပြိုင် အော်ဟစ်လက်ခုပ်တီးကြိုဆိုကြသလို လူအချို့ကလည်း ပရိတ်၊ ပဋ္ဌာန်းစသဖြင့် ဘုရားစာတွေ ရွတ်ဖတ်ပွားများကာ မေတ္တာပို့သရင်းနဲ့ နှစ်သစ်ကို ကြိုဆိုကြပါတယ်။ လူမှုကွန်ရက်ပေါ်မှာလည်း "Happy New Year" လို့ အပြန်အလှန် နှုတ်ခွန်းဆက်သကြပါတယ်။ မြန်မာလူမျိုးအများစုကတော့ ရိုးရာအစဉ်အလာအရ နှစ်ဟောင်းမှ အညစ်အကြေးတွေ နှစ်သစ်သို့မပါသွားအောင် ထိုနေ့မှာ ခေါင်းဆေး ခေါင်းလျှော်ကြသလို ခြင်ထောင်၊ အိပ်ရာခင်း၊ စောင်၊ ခန်းဆီးလိုက်ကာ၊ ထိုင်ခုံစွပ်တွေ လျှော်ကြပြီး အဝတ်အထည် သစ်သစ်လွင်လွင် ဝတ်ဆင်ပြီးတော့ နှစ်သစ်ကိုကြိုဆိုလေ့ရှိပါတယ်။

မည်သို့ပင် ဆိုစေကာမူ လူသန့်ရှင်းဖို့ထက်၊ စိတ်သန့်ရှင်းဖို့က ပိုအရေးကြီးပါတယ်။ တစ်နှစ်တာ ကာလပတ်လုံး စိတ္တသုခ၊ ကာယသုခ နှစ်ဖြာပြည့်ဝစေဖို့အတွက် စိတ်သစ်၊ လူသစ်၊ အတွေးသစ်များစွာနဲ့ နှစ်သစ်အတွက် အကောင်းဆုံး ရည်ရွယ်ချက်လေးတွေနဲ့ စတင်လိုက်ကြပါစို့လားရှင်။

**အာရောဂျံ ပရမံလာဘံ**

"အာရောဂျံ ပရမံလာဘံ" ပါ။ "အစာလဲဆေး၊ ဆေးလဲအစာ" အဖြစ် သန့်ရှင်းလတ်ဆတ်၍ ကျန်းမာရေးအတွက် သင့်တော်သော အစားအစာ အာဟာရစုံ စားပေးရပါမယ်။

နံနက်အိပ်ရာက နိုးထတာနဲ့ နေကိုမြင်အောင် ကြည့်ပါ။ ဆိုလိုသည်မှာ သဘာဝတရားကြီးက လက်ဆောင်ပေးသော ငွေမကုန်ဘဲ ကျန်းမာစေမယ့် နေပူစာလှုံခြင်း ဖြစ်ပါတယ်။ နံနက်စာ စားပြီးတိုင်း ပေးဖူးသူ၊ ကျွေးဖူးသူတွေကို သတိရပါ။ ကိုယ်နဲ့ ဆက်ဆံသူတွေရဲ့မျက်နှာကိုနေ့စဉ်ဖတ်ပါ။ ကျေးဇူးတင်ပါတယ်ဆိုတဲ့ စကားကို ဖောဖောသီသီပြောပါ။ ကျေးဇူးပြု၍ဆိုတဲ့ စကားကိုလည်း ပြောဖို့မမေ့ပါနဲ့။ သူတစ်ပါးကို ကိုယ်ချင်းစာနာစိတ်နဲ့ ဆက်ဆံပါ။ စကားကို သူတစ်ပါးနားဝင်အောင် ချိုချိုသာသာပြောပါ။ လမ်းဘေး၌ ဈေးရောင်းနေတဲ့ ကလေးသူငယ်တွေ၊ ကိုယ်ဝန်ဆောင်နဲ့ သက်ကြီးရွယ်အိုတွေကို ကူညီတဲ့အနေနဲ့ တတ်နိုင်သလောက် ဝယ်ယူအားပေးပါ။ ကျန်းမာနေလျှင် နှစ်စဉ် သွေးလှူပါ။ မိတ်ဆွေသစ်ကိုရှာပါ။ မိတ်ဟောင်းဆွေဟောင်းကို တန်ဖိုးထားပါ။ မိတ်ကောင်းဆွေကောင်းတွေနဲ့ ခရီးသွားပါ။ မိတ်သစ်မိတ်ဟောင်းလူအားလုံးရဲ့ လျှို့ဝှက်ရမယ့်ကိစ္စတွေကို နှုတ်လုံပါ။ အတတ်ပညာကို သင်ယူရာတွင် ဖြတ်လမ်းနည်းကို မလိုက်ပါနဲ့။ ရဲရင့်တဲ့စိတ်ကို မွေးမြူပါ။ ကိုယ့်အမှားကို ကိုယ်တိုင်ဝန်ခံပါ။

ကျန်းမာသုခ လူနေမှုဘဝကို အမှန်တကယ် ပိုင်ဆိုင်ချင်တယ်ဆိုရင် ကိုယ်လက်လှုပ်ရှားအားကစားကို မဖြစ်မနေလုပ်ပေးရပါမယ်။ တကူးတက အချိန်ပေး၍ gym , work out တွေ မလုပ်နိုင်သူတွေအတွက် တစ်နေ့လျှင် မိနစ်သုံးဆယ်ခန့် မရပ်မနား ခပ်သွက်သွက် လမ်းလျှောက်ခြင်းကို ရက်သတ္တပတ်လျှင် ငါးရက်မျှလုပ်ပေးခြင်းနဲ့ လုံလောက်ပါတယ်။

**လေ့ကျင့်ခန်းလုပ်ဖို့ မပျင်းပါနဲ့**

လေ့ကျင့်ခန်းလုပ်ဖို့ မပျင်းပါနဲ့။ နေ့စဉ်လှုပ်ရှားမှုတိုင်းကို လေ့ကျင့်ခန်းဆန်ဆန် ခပ်သွက်သွက် ပြုလုပ်ပေခြင်းကလည်း ကျန်းမာရေးအတွက် များစွာ အထောက်အကူဖြစ်စေပါတယ်။

ဒါကြောင့် ရာသီပေါ်သီးနှံလေးတွေကို အလေ့အကျင့်ကောင်းလုပ်၍ ပုံမှန်စားပေးပါ။ ဟင်းနုနယ်၊ ဂေါ်ဖီ၊ ကညွတ်၊ ကိုက်လန်၊ ဆလတ်၊ မုန်ညင်းရွက်၊ ဘူးညွန့်၊ ကန်စွန်း စတဲ့ အစိမ်းရင့်ရောင် ဟင်းရွက်တွေ ပိုစားပေးပါ။ တစ်နေ့သောက်ရေသန့်ရှစ်ဖန်ခွက်ထက် မနည်းသောက်ပါ။ အချိုရည်၊ ဖျော်ရည်တွေ အစားသဘာဝသစ်သီးကိုသာဦးစားပေးစားသောက်ပါ။ အိပ်ရာဝင်ချိန်၊ အိပ်ရာနိုးထချိန်၊ အစာစားချိန် မှန်ပါစေ။ တိုးတက်ပြောင်းလဲလာတဲ့ခေတ်၊ စနစ်နဲ့ အညီ မိမိတစ်ယောက်တည်း မကျန်ခဲ့ရအောင် စူးစမ်းလေ့လာ မှတ်သားတတ်ရပါမယ်။

နိစ္စဓူဝ ကြိုးစားရုန်းကန်နေရသူတွေအဖို့ စိတ်ထွက်ပေါက်အဖြစ် ချစ်ခင်ရသူတွေနဲ့ ပျော်ပျော်ပါးပါး ခရီးထွက်ခြင်း၊ ဝိုင်းဖွဲ့စကားပြောခြင်း၊ အချိန်ပေး၍ ကလေးငယ်တွေနဲ့ အဖော်ပြုပေးခြင်း၊ သီချင်းဆိုခြင်း၊ အစားအသောက်ချက်ပြုတ်စားသောက်ခြင်း၊ သစ်ပင်စိုက်ခြင်း စတဲ့ မိမိဝါသနာပါရာကို လုပ်ကြည့်ပါ။

> ❒ **စိတ်ရောကိုယ်ပါ ကျန်းမာဖို့အတွက် အကောင်းဆုံးဆေးတစ်ခွက်က "အိပ်ရေးဝဝ အိပ်စက်ခြင်း" ဖြစ်တယ်ဆိုတာကို အမြဲသတိရနေပေးပါ။ စိတ်ချမ်းသာဖို့အတွက် ပေါင်းသင်းဆက်ဆံရေး ကောင်းမွန်ခြင်းကလည်း အရေးကြီးတဲ့ ကဏ္ဍတစ်ရပ်ပါပဲ။ နှစ်ဟောင်းမှာ ဆက်ဆံရေးအဆင်မပြေခဲ့သူတွေကို နှစ်သစ်ကစလို့ အသွင်သစ်၊ စိတ်သစ်၊ လူသစ်၊ အကောင်းမြင်စိတ်ဓာတ်နဲ့ ပြောင်းလဲဆက်ဆံကြည့်ပါ။**
>
> ❒ **လူ့လောကတွင် အမှန်တရားချည်း တွေ့ရလိမ့်မယ်လို့ မမျှော်လင့်ပါနဲ့။ ခွင့်လွှတ်ခြင်းရဲ့တန်ဖိုးကို နားလည်သဘောပေါက်အောင် ကြိုးစားပါ။ ပြဿနာနဲ့တွေ့လျှင် အခွင့်အလမ်းကို ရအောင်ရှာပါ။ ကိုယ့်ကိုယ်ကိုယ် ပြန်လည်သုံးသပ်ပါ။**

**မတွန့်တိုပါနဲ့။ မနှမြောပါနဲ့**

နှစ်ဟောင်းမှာတင်ခဲ့တဲ့ ကြွေးဟောင်းတွေကို ကျေအောင်ဆပ်ပြီး နှစ်သစ်မှစ၍ တတ်နိုင်သလောက် ပိုက်ဆံ (ငွေကြေး) စုဆောင်းတဲ့ အလေ့အကျင့်ကောင်းကို စတင်မွေးမြူရပါမယ်။ ငွေစုဖို့ကို ပျင်းရိဖွယ်ရာလို့ မအောက်မေ့ပါနဲ့။ လစဉ် မိမိနိုင်သလောက် စုဆောင်းထားခြင်းနဲ့ ငွေအင်အားကြောင့် မိမိကိုယ်ကိုလည်း ယုံကြည်မှုရှိလာပါလိမ့်မယ်။ နေထိုင်စားသောက်မှုပုံစံ ပြောင်းလဲလာမှုကြောင့် ကမ္ဘာနဲ့အဝန်း အဝလွန်သူတွေ တစ်နေ့တခြား တိုးပွားနေပါတယ်။ အဲဒီအထဲမှာ ကိုယ်မပါအောင် ခန္ဓာကိုယ်အလေးချိန်ကို ထိန်းထားနိုင်ရပါမယ်။ မတွန့်တိုပါနဲ့။ မနှမြောပါနဲ့။ မိမိတတ်နိုင်သလောက် ပေးကမ်းစွန့်ကြဲလှူဒါန်းပါ။ ပေးလှူပြီးနောက် နှမြောတသ နောင်တမရဘဲ ပီတိဖြစ်စေမယ့် အလှူမျိုးသာ ဖြစ်ပါစေ။ ခေတ်ကာလ လူ့အလွှာအားလုံး အဘက်ဘက်က ခက်ခဲကျပ်တည်းနေကြပါတယ်။ ဒါကြောင့် မိမိနိုင်သလောက် မျှဝေပေးကမ်းခြင်းနဲ့ တစ်နိုင်ကုသိုလ် လုပ်ပေးပါ။

အင်တာနက်သုံးရင်း၊ ဂိမ်းတွေဆော့ကစားရင်း အချိန်တွေမဖြုန်းတီးပစ်ပါနဲ့။ အချိန် အကန့်အသတ်ထား၍ သုံးစွဲပါ။ မတူညီတဲ့ ဘာသာစကားအသစ်တွေကို လေ့လာသင်ယူခြင်းက အထူးသဖြင့် သက်ကြီးပိုင်းတွေမှာ ဖြစ်လေ့ရှိတဲ့ အယ်လ်ဇိုင်းမား(ခေါ်) ဦးနှောက်ဇရာအကြိုရောဂါတွေ ဖြစ်မလာအောင်ကာကွယ်ရာရောက်ပါတယ်။ နိုင်ငံခြားဘာသာစကားသင်တန်းတွေကို တကူးတက မတက်ရောက်နိုင်သူတွေအတွက် သက်ဆိုင်ရာဘာသာရပ်အလိုက် website တွေကို လေ့လာ၍ မိမိကိုယ်တိုင် သင်ယူနိုင်ပါတယ်။ အွန်လိုင်းကို အကျိုးရှိရှိ အသုံးချတတ်ပါစေ။

စိတ်ရောကိုယ်ပါ ကျန်းမာဖို့အတွက် အကောင်းဆုံးဆေးတစ်ခွက်က "အိပ်ရေးဝဝ အိပ်စက်ခြင်း" ဖြစ်တယ်ဆိုတာကို အမြဲသတိရနေပေးပါ။ စိတ်ချမ်းသာဖို့အတွက် ပေါင်းသင်းဆက်ဆံရေး ကောင်းမွန်ခြင်းကလည်း အရေးကြီးတဲ့ကဏ္ဍတစ်ရပ်ပါပဲ။ နှစ်ဟောင်းမှာ ဆက်ဆံရေး အဆင်မပြေခဲ့သူတွေကို နှစ်သစ်ကစလို့ အသွင်သစ်၊ စိတ်သစ်၊ လူသစ်၊ အကောင်းမြင်စိတ်ဓာတ်နဲ့ ပြောင်းလဲဆက်ဆံကြည့်ပါ။

ဘယ်လောက်ပဲ အလုပ်ရှုပ်၊ စိတ်ရှုပ်၊ အတွေးရှုပ်နေပါစေ မိသားစုအတွက် အချိန်ပေးပြီး ပျော်ရွှင်စရာ မိသားစုကမ္ဘာကို တည်ဆောက်ပေးရပါမယ်။ ကိုယ်ချစ်ရတဲ့သူတွေနဲ့ နေခွင့်ရချိန်ကို မြတ်နိုးတန်ဖိုးထားတတ်ပါစေ။ တီဗွီကြည့်ချိန်၊ ဂိမ်းကစားချိန်၊ အင်တာနက်သုံးချိန်ကို လျှော့ချပြီး အတတ်ပညာတစ်ခုခုကို လေ့လာသင်ယူခြင်းနဲ့ ဗဟုသုတရစရာတွေ ရှာမှီးပါ။

**အများအတွက် မျက်နှာမူပါ**

"ဆေးလိပ်၊ ကွမ်း၊ အရက် စိတ်ကိုပြောင်းလဲစေတတ်သော စိတ်ကြွဆေးပြား၊ မူးယစ်ဆေးဝါး" များကို မသုံးဖူးသေးသူတွေ အစလုပ်၍ စမ်းသပ်သုံးစွဲခြင်း လုံးဝမပြုလုပ်မိပါစေနဲ့၊ ဝေးဝေးကရှောင်ပါ။ ဆေးလိပ်၊ ကွမ်း၊ အရက်တို့ကို လက်ရှိသောက်သုံးနေသူတွေကလည်း အတတ်နိုင်ဆုံးလျှော့ချ ဖြတ်တောက်ပါ။ အကယ်၍ သင်သည် အဝေးမှာရောက်နေပါက မိခင်နဲ့ ဖခင်တို့ကို မကြာခဏ ဆက်သွယ်ပါ။ သူတစ်ပါးပြောစကားကို အဆုံးထိအောင် နားထောင်ပေးပါ။ တစ်စုံတစ်ယောက်၏ မျှော်လင့်ချက်ကို မဖျက်ဆီးပါနဲ့။ အများအတွက် မျက်နှာမူပါ။ ကိုယ်လိုချင်သော အရာအတွက် ဆုမတောင်းပါနဲ့။ လက်တွေ့ကြိုးစား၍ ရအောင်ယူပါ။ ယုံကြည်ချက်၊ ရည်ရွယ်ချက် အပြည့်အဝထားပါ။ သူတစ်ပါးမကောင်းကြောင်း အတင်းမပြောပါနဲ့။ လူ့လောကတွင် အမှန်တရားချည်း တွေ့ရလိမ့်မယ်လို့ မမျှော်လင့်ပါနဲ့။ ခွင့်လွှတ်ခြင်းရဲ့တန်ဖိုးကို နားလည်သဘောပေါက်အောင် ကြိုးစားပါ။ ပြဿနာနဲ့တွေ့လျှင် အခွင့်အလမ်းကို ရအောင်ရှာပါ။ ကိုယ့်ကိုယ်ကိုယ် ပြန်လည်သုံးသပ်ပါ။ စည်းကမ်းမဲ့ အမှိုက်ပစ်ခြင်းကို ရှောင်ကြဉ်ပါ။ မသိဘူးလို့ပြောရမှာကို မရှက်ပါနဲ့။ ဝမ်းနည်းပါတယ်လို့ ပြောရမှာကို မကြောက်ပါနဲ့။

သက်ငယ်မုဒိမ်းမှုများ ပပျောက်စေဖို့၊ တစ်လင်တစ်မယားစနစ် ထူထောင်ဖို့အတွက် သင်နဲ့ သင့်ပတ်ဝန်းကျင်တွင် တာဝန်ရှိပါတယ်။ လော်လီဖောက်ပြားသော ဝတ်စားဆင်ယဉ် ထုံးဖွဲ့မှုတွေကို ရှက်တတ်ပါစေ။ ရိုးရာဝတ်စားဆင်ယင်မှုနဲ့ မိမိနဲ့ မိမိနိုင်ငံပုံရိပ်ကိုမြှင့်တင်ပါ။ လူ့အခွင့်အရေးနဲ့ ဥပဒေကိုလေးစားပါ။ လိုက်နာပါ။ ကိုယ်တစ်ယောက်တည်းရဲ့ အကျိုးအမြတ်ကို မကြည့်ပါနဲ့။

လူကုန်ကူးခြင်း၊ လက်နက်အရောင်းအဝယ်ပြုခြင်း၊ အဆိပ်ရောင်းဝယ်ခြင်း၊ သတ္တဝါကြီးတွေကို တရားမဝင်ရောင်းဝယ်ခြင်း၊ မူးယစ်ဆေးဝါး ရောင်းဝယ်ခြင်း စတဲ့ မိစ္ဆာအာဇီဝ ငါးမျိုးကို ရှောင်ကြရပါမယ်။

*စာမျက်နှာ ၁၇ သို့*

## ကလောမြို့၌ နှစ်သစ်ကူးဈေးရောင်းပွဲတော်ကျင်းပ

**ကလော ဒီဇင်ဘာ ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့ မြို့နယ်အားကစားကွင်း၌ ဒီဇင်ဘာ ၃၀ ရက်က နှစ်သစ်ကူးဈေးရောင်းပွဲတော်ဖွင့်ပွဲကျင်းပသည်။

ဦးစွာ ဈေးရောင်းပွဲတော်ကို ကလောခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးမြင့်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးကြီးခင်နိုင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး မင်းစစ်နိုင်၊ မြို့မိမြို့ဖ ဦးစိုးမင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

နှစ်သစ်ကူးဈေးရောင်းပွဲတော်တွင် ဆယ့်နှစ်ပွဲဈေးသည်များက လူသုံးကုန်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများ ရောင်းချလျက်ရှိပြီး အပျော်စီးပင်လယ်ခါးမြနှင့် ကလေးစီးချားရဟတ်တို့ ပါဝင်ကြောင်း၊ နှစ်သစ်ကူးဈေးရောင်းပွဲတော်ကို ညပိုင်းတွင် DJ အဖွဲ့နှင့် အဆိုတော်များဖြင့် ပွဲတော်ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း၊ ကလောမြို့ကိုလာရောက် အပန်းဖြေလည်ပတ်ကျမည့် ရပ်နီးရပ်ဝေးမှခရီးသွားဧည့်သည်များ နှစ်သစ်ကူးပွဲတော်တွင် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မော်လမြိုင်မြို့၌ (၈၇) ကြိမ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနားကျင်းပ

**မော်လမြိုင် ဒီဇင်ဘာ ၃၀**

(၈၇)ကြိမ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက်က မော်လမြိုင်မြို့ ဟုန်စံစီခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက နှစ်စဉ်ပြာသို လဆန်း (၁) ရက်နေ့တွင် ကျင်းပသော ကရင်အမျိုးသားနှစ်သစ်ကူးနေ့သည် ကရင်တိုင်းရင်းသားများ အမြတ်တနိုး တန်ဖိုးထားကြသော၊ လူသိများသော ပွဲတော်တစ်ခုဖြစ်ကြောင်း၊ ခေတ်အဆက်ဆက်က ထိန်းသိမ်းလာခဲ့သည့် စာပေ၊ ယဉ်ကျေးမှု၊ သမိုင်းအမွေအနှစ်များကို လူငယ်မျိုးဆက်သစ်များက သားစဉ်မြေးဆက် လက်ဆင့်ကမ်းတာဝန်ယူ ထိန်းသိမ်းစောင့်ရှောက်သွားကြရမည် ဖြစ်ကြောင်း၊ ကရင်တိုင်းရင်းသားလူမျိုးများအနေဖြင့် မိမိတို့ဘိုးဘွားများ၏ လက်ဆင့်ကမ်းအမွေဖြစ်သည့် ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများ၊ ဒြပ်ရှိဒြပ်မဲ့ အနုပညာများကို မပျောက်ပျက်စေရန် ဆက်လက်ထိန်းသိမ်းသွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။



ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း ကရင်တိုင်းရင်းသားရိုးရာ ဒုံးယိမ်းအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်စဉ်။

ထို့နောက် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှ ပေးပို့သော သဝဏ်လွှာကို ပြည်နယ်တိုင်းရင်းသားရေးရာ ဝန်ကြီးက ဖတ်ကြားပြီး ကရင်စာပေနှင့် ယဉ်ကျေးမှုအသင်း၊ တာဝန်ရှိသူတစ်ဦးက ကရင်အမျိုးသားနှစ်သစ်ကူးနေ့ ဖြစ်ပေါ်လာပုံကို မြန်မာဘာသာဖြင့် ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ပြည်နယ် ဝန်ကြီးချုပ်က ရန်ပုံငွေကျပ်သိန်း ၂၅၀ နှင့် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနားကျင်းပနိုင်ရေး လှူဒါန်းပေးခဲ့ကြသည့် အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ကရင်တိုင်းရင်းသား ရိုးရာအကအလှများ ကပြဖျော်ဖြေခဲ့ကြမှုအပေါ် ကြည့်ရှုအားပေးခဲ့ပြီး ကရင်တိုင်းရင်းသားရိုးရာ ဒုံးယိမ်းအဖွဲ့များ၊ မော်လမြိုင်တက္ကသိုလ်စာပေနှင့် ယဉ်ကျေးမှု ကော်မတီများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

**စည်သူ(ပြန်/ဆက်)**

## (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကြိုဆိုဂုဏ်ပြု MSME ဒေသထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကျင်းပ

**တောင်ကြီး ဒီဇင်ဘာ ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီမှ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် MSME ဒေသထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက်က တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်က ဒေသအတွင်းရှိ MSME လုပ်ငန်းရှင်များ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်ပေးနိုင်ရေး၊ ရှမ်းပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအား ထုတ်လုပ်မှုနည်းပညာ၊ စီးပွားရေးနှင့် ပတ်သက်သော အသိပညာများ ရရှိစေရေး၊ စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်စေရေးအတွက် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ပြပွဲများကတစ်ဆင့် လုပ်ငန်းရှင်အချင်းချင်း ချိတ်ဆက်နိုင်ခြင်း၊ လုပ်ငန်းတူအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ခြင်း၊ နည်းပညာများ ဖလှယ်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိနိုင်သည့်အတွက် စီးပွားရေးလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်စီးပွားရေးရာဝန်ကြီး၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးစိုင်းလိတ်၊ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်နှင့် တာဝန်ရှိသူများက ဒေသထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးများနှင့် အဖွဲ့ဝင်များက လုပ်ငန်းရှင်များမှ ပြသထားသည့် ဒေသထုတ်ကုန်ပြခန်း ၆၀ ကို လှည့်လည်ကြည့်ရှုခဲ့သည်။ အဆိုပါ MSME ပြခန်းများနှင့် ဈေးရောင်းပွဲတော်ကို ဒီဇင်ဘာ ၃၀ ရက်မှ ဇန်နဝါရီ ၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**



ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးစိုင်းလိတ်၊ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်နှင့် တာဝန်ရှိသူများ ဒေသထုတ်ကုန်အရောင်းဆိုင်များအား ကြည့်ရှုအားပေးစဉ်။

*စာမျက်နှာ ၁၆ မှ*

ဖြစ်နိုင်ရင် ကား၊ ဆိုင်ကယ် (စက်တပ်ယာဉ်အမျိုးမျိုး)မစီးဘဲ လမ်းများများ လျှောက်သောအလေ့အကျင့်ကိုပြုပါ။ စက်လှေကား၊ ဓာတ်လှေကားမသုံးဘဲ မိမိခြေထောက်ကိုသာ အားကိုးပါ။

လုပ်ဖော်ကိုင်ဖက်တွေကို ကျေးဇူးများများတင်ပါ။ ကျေးဇူးပြုနိုင်သမျှ ပြုပါ။ လောကမှာ ကိုယ်မသိ၊ မတတ်သေးတာတွေ အများကြီးရှိနေပါသေးတယ်။ မိမိထက် ကြီးသူ၊ ရွယ်တူ၊ ငယ်သူတွေဆီကနေ မိမိမသိသေးတာတွေကို လေ့လာသင်ယူဖို့ မရှက်ပါနဲ့၊ ဝန်လေးမနေပါနဲ့၊ တတ်သိဟန် မဆောင်ပါနဲ့။ ကြောက်ရွံ့စိုးရိမ်၊ အားငယ်စိတ်တွေရှိနေရင် ထိုစိတ်တွေကို မိမိဖာသာ အနိုင်ယူပစ်ရပါမယ်။ သူများစိတ်နဲ့ ကိုယ့်ကိုယ် အဖြစ်မခံပါနဲ့။ အမှီအခိုကင်းကင်းနဲ့ မိမိကိုယ်ကိုသာ ကိုးကွယ်အားထားပါ။ မိမိနဲ့ စိတ်တူဝါသနာချင်းတူသော အသင်းအဖွဲ့တွေနဲ့ ဆက်သွယ်၍ စေတနာ့ဝန်ထမ်းအဖြစ် လုပ်အားပေးပါ။

တရားထိုင်ခြင်းက မိမိခံစားနေရတဲ့ လောဘ၊ ဒေါသ၊ မောဟ အပူမီးတွေကို လျှော့ချပေးပါတယ်။ တစ်နည်းဆိုရင် တရားထိုင်တဲ့အခါ စိတ်ဖိစီးမှုတွေ ပြေလျော့သွားစေပြီး နှလုံးစိတ်ဝမ်းအေးချမ်းမှုကို ရရှိနိုင်ပါတယ်။ တရားမှတ်တဲ့ အလေ့အကျင့်ကောင်းကို မွေးမြူခြင်းက နှလုံးစိတ်ဝမ်း ငြိမ်းချမ်းမှုအတွက် အာဟာရဖြစ်စေပါတယ်။

ကျန်းမာရေးကောင်းစဉ် မရောက်ဖူးသေးတဲ့ နေရာဒေသတွေကို ချစ်ရတဲ့ မိသားစု သို့မဟုတ် မိတ်ဆွေများနဲ့ ခရီးထွက်ကြည့်ပါ။ ကိုယ့်လမ်း၊ ကိုယ့်ရပ်ကွက်၊ ကိုယ်နေတဲ့မြို့ (ကိုယ့်ပတ်ဝန်းကျင်က အနီးဆုံးလူတွေ) အတွက် ပျော်ရွှင်အောင်၊ သာယာအောင်၊ အဆင်ပြေအောင်၊ လှပအောင်၊ တိုးတက်ဖွံ့ဖြိုးအောင် ဘယ်လိုများ ကူညီရမလဲ။ နည်းလမ်းတွေ ရှာဖွေပါ။ ပါဝင်လှုပ်ရှားပါ။ ကျရာတာဝန်ကို ပျော်ပျော်ရွှင်ရွှင် ထမ်းရွက်ပါ။

အချုပ်ဆိုရသော် ဗလငါးတန် မဏ္ဍိုင်ထူထောင်ရင်း မိမိကိုယ်ကို ကျန်းမာအောင်၊ အသိပညာ အတတ်ပညာ ပြည့်ဝအောင်၊ စိတ်ချမ်းသာအောင်၊ ဘေးဘယာကင်းအောင်၊ သောကကင်းဝေးအောင်၊ ကောင်းသတင်းရနံ့မွှေးအောင်၊ ကျက်သရေရှိအောင်၊ သီလမြဲမြံအောင်၊ ယခုဘဝ နောက်ဘဝသံသရာမှာ အပြစ်ကင်းအောင် စသဖြင့် ကျင့်ကြံကြိုးကုတ်အားထုတ်ရပါမယ်။ မိမိကိုယ်ကို စောင့်ရှောက်ခြင်းက မိမိချစ်ခင်ရတဲ့သူတွေကို မိမိကြောင့် သောကအပူမဖြစ်စေတော့ဘဲ၊ သူတို့ကို မိမိအတွက် စိတ်ချမ်းမြေ့စေခြင်းဖြင့် သူတို့ပျော်ရွှင်ချမ်းမြေ့အောင် မိမိက စောင့်ရှောက်ခြင်းမည်ပါတယ်။

ယုတ်စွအဆုံး မိမိမှာ အကုသိုလ်ကင်းတယ်၊ သီလလုံတယ်ဆိုရင် မိမိသေလွန်တဲ့အခါ အပါယ်လားလိမ့်မည်မဟုတ်ဟု ကျန်ရစ်သူမိသားစုက မိမိလားရာခရီးအတွက် ပရိဒေဝမီးလျော့ကျစေခြင်းဖြင့် ယခုဘဝမှာ ချစ်ခင်ရတဲ့ မိသားစုတွေကို နောက်ဆုံးလက်ဆောင်ပေးနိုင်ခဲ့ပါလိမ့်မယ်။ စာရေးသူကျွန်မလည်း အထက်ပါ နည်းစနစ်တွေကို ကြိုးစားအားထုတ်လျက်ပါရှင်။ အကောင်းဆုံးနှစ်သစ်ကို ဖြတ်သန်းဖို့ သန္နိဋ္ဌာန်တွေချကြည့်ကြပါစို့ဟု တိုက်တွန်းလိုက်ပါရစေ။ **နှစ်သစ်မှာ ကြည်သာရွှင်ပြအေးမြကြပါစေ။**

# သထုံမြို့နယ်၌ ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကျင်းပ

**သထုံ ဒီဇင်ဘာ ၃၀**

ကရင်သက္ကရာဇ် ၂၇၆၄ ခုနှစ် ပြာသိုလဆန်း ၁ ရက်၌ ကျရောက်သည့် ကရင်နှစ်သစ်ကူးပွဲတော်ကို မွန်ပြည်နယ် သထုံမြို့ သိမ်ကုန်းရပ်ကွက်ရှိ ကရင်အမျိုးသားခန်းမ၌ ယနေ့နံနက်က မြို့နယ်ကရင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့မှ ဦးဆောင်၍ မြို့နယ်အဆင့်အနေဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။



နှစ်သစ်ကူးပွဲတော် ကျင်းပရာတွင် နံနက်အရုဏ်တက်ချိန်၌ သံဃာတော်များ ဆွမ်းဆက်ကပ်ပြီး တရားနာယူခြင်း၊ တက်ရောက်လာကြသည့် တိုင်းရင်းသားများ စုပေါင်းကာ ကရင်အမျိုးသားအလံတော်ကို လွှင့်ထူအလေးပြုကြခြင်း၊ သထုံမြို့နယ်အတွင်းရှိ အသက်(၈၀)နှစ်နှင့်အထက် ကရင်တိုင်းရင်းသားသက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ကြခြင်းတို့ကို ပြုလုပ်ကြသည်။

ယင်းနောက် သထုံမြို့နယ်၏ ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်မှခ်ဦးအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မိုးစိုးနှင့် ကရင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့နာယက ဦးစောစံတင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြကာ ကျေးရွာအလိုက် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များက ရိုးရာဒုံးယိမ်းအကများဖြင့် ဧည့်ခံဖျော်ဖြေခဲ့ကြသည်။

အဆိုပါ နှစ်သစ်ကူးပွဲတော်ကျင်းပရာသို့ သထုံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ကရင်၊ ပအိုဝ်း၊ မွန်တိုင်းရင်းသားများ တက်ရောက် အားပေးကြပြီး ပွဲတော်လာရောက်ကြသူတို့အား စတုဒိသာအာဟာရများဖြင့် ဧည့်ခံကျွေးမွေးကြသည်။

သထုံမြို့နယ်တွင် ကရင်တိုင်းရင်းသား စုစုပေါင်း ၈၀၀၀၀ ဝန်းကျင်ခန့် နေထိုင်လျက်ရှိပြီး နှစ်သစ်ကူးပွဲတော်ကို ကျင်းပခြင်းမှာ စည်းလုံးညီညွတ်စွာဖြင့် ဘိုးဘွားများ ချမှတ်ထားသည့် ရိုးရာဓလေ့များကို ဖော်ထုတ်သည့်အနေဖြင့် ကျင်းပရခြင်းဖြစ်ကြောင်း မြို့နယ်အဆင့်ကျင်းပသည့်အပြင် ကျေးရွာအသီးသီး၌လည်း နှစ်သစ်ကူးပျော်ပွဲရွှင်ပွဲများကို ကျင်းပကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မိုးနဲမြို့နယ်၌ စာရင်း၊ မြေပုံလိုက်နာမှတ်သားထားရှိမှု ရှိ/မရှိ တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**မိုးနဲ ဒီဇင်ဘာ ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)မိုးနဲမြို့နယ် နောင်မြိုင်းကျေးရွာအုပ်စု ကွင်းအမှတ်(၅၆)၊ လွိုင်စေရွာမကွင်းရှိ ဦးပိုင်အမှတ်(၁၁၁) တောင်သူ မတင်ဝင်း၏ ယာမြေဧရိယာ ၃ ဒသမ ၀၅ ဧကပေါ်တွင် မိုးသီးနှံအစေ့ထုတ်ပြောင်းစိုက်ပျိုးရိတ်သိမ်းပြီးချိန်၌ ဆောင်းသီးနှံနေကြာသီးနှံအား သီးထပ်အဖြစ် စိုက်ပျိုးထားရှိမှုများကို သက်ဆိုင်ရာ ကွင်း၊ ကျေးရွာအုပ်စု၊ တိုက်နယ်တာဝန်ခံများမှ စာရင်း၊ မြေပုံလိုက်နာမှတ်သားထားရှိမှု ရှိ/မရှိနှင့် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ထားရှိမှု ရှိ/မရှိ အခြေအနေများကို သက်ဆိုင်ရာ တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ထိုသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် ရှမ်းပြည်နယ်မြေစာရင်းဦးစီးဌာနမှ စစ်ဆေးရေးအဖွဲ့ခေါင်းဆောင် လက်ထောက်ညွှန်ကြားရေးမှူး ဦးပိုင်သူရချိုနှင့် စစ်ဆေးရေးအဖွဲ့ဝင်များ၊ ဝန်ကြီးဌာန ကိုယ်စားပြုခရိုင်ရုံး၊ နမ့်စန်ခရိုင် မြေစာရင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလင်းအေးချမ်းမောင်မောင်၊ မိုးနဲမြို့နယ် မြေစာရင်းဦးစီးဌာနမှူး ဦးထွန်းဝင်းနှင့် တာဝန်ခံဝန်ထမ်းများက မြေပြင်ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

# သဃ်န်းကျွန်းမြို့နယ် ကံကော်ရောင်းဝယ်ရေးသမဝါယမအသင်း နှစ်ပတ်လည်စည်းဝေး



ရန်ကုန် ဒီဇင်ဘာ ၃၀

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ကံကော်ရောင်းဝယ်ရေးသမဝါယမအသင်း၏၂၀၂၃ -၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက (၁၆/၃)ရပ်ကွက် သုဒဿနလမ်း ဓမ္မာရုံ၌ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးကျော်ခိုင်မြင့်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်စိုးက သမဝါယမလုပ်ငန်းစဉ်များ၊ ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍၂၀၂၃ -၂၀၂၄ ဘဏ္ဍာနှစ်အတွက် အမှုဆောင်အဖွဲ့အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းများကို ဖတ်ကြားအတည်ပြုပြီး အသင်းသား ၁၉၆ ဦးအား အစုပေါ် အမြတ်ငွေတစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အာကာလင်း**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေကာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မိုး/ဇလ**

## အင်းစိန်မြို့နယ်၌ မူးယစ်ဆေးဝါး သားကောင်များမဖြစ်ရေးခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြော

**ရန်ကုန် ဒီဇင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(အင်းစိန်)နှင့် မြို့နယ်မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းတို့ ပူးပေါင်းပြုလုပ်သည့် မူးယစ်ဆေးဝါးသားကောင် မဖြစ်စေရေး၊ စုပေါင်းကာကွယ်ပေး ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောပွဲ အစီအစဉ်ကို ဒီဇင်ဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဆွေးနွေး ဟောပြောပွဲတွင် မေးမြန်းဆွေးနွေးသူများအဖြစ် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်) လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်စန္ဒာထွန်းနှင့် မြို့နယ်ဦးစီးအရာရှိ ဒေါ်ခင်နှင်းကြည်တို့က ဆောင်ရွက်ပြီး ဖြေကြားဆွေးနွေးသူအဖြစ် အင်းစိန်မြို့နယ်မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ စာရေးဆရာ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဉာဏ်လင်း**



# ဝေါမြို့နယ်၌ မီးဘေးလုံခြုံရေးနှင့် မီးငြှိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်

**ဝေါ ဒီဇင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့တွင် ပြည်သူများအား မီးဘေးလုံခြုံရေးဆိုင်ရာများ အသိပညာများ သိရှိလိုက်နာဆောင်ရွက်နိုင်စေရန်အတွက် မြို့နယ်မီးသတ်ဦးစီးဌာနက မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် မီးငြှိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်ခြင်းများ သရုပ်ပြဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၉ ရက် ညနေ ၄ နာရီက ဝေါမြို့မဈေးတွင် မီးဘေးလုံခြုံရေးနှင့် မီးငြှိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် မီးငြှိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်မှုများ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသီဟထွန်းနှင့် အဖွဲ့ဝင် ဦးကြည်ဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းလှိုင်တို့နှင့်အတူ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးသိန်းထွန်းနှင့် တာဝန်ရှိသူများက မြို့မဈေးအတွင်း ဈေးရောင်းချလျက်ရှိသည့် ဈေးသူ ဈေးသားများအား မီးလောင်မှုဖြစ်ပေါ်ရသည့် အကြောင်းရင်းများ၊ မီးမလောင်စေရန် အလွယ်ကူဆုံးနည်းလမ်းများ၊ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် သတိပြုရမည့်အချက်များ၊ ကြိုတင်ပြင်ဆင်ထားရှိရမည့် ပစ္စည်းများအကြောင်း ရှင်းလင်း၍ ဈေးဆိုင်ခန်းများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ညောင်တုန်းမြို့နယ်၌ မီးဘေးလုံခြုံရေးအတွက် မီးငြှိမ်းသတ်ရေးသရုပ်ပြသ

**ညောင်တုန်း ဒီဇင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် မီးဘေးလုံခြုံရေးအတွက် မီးငြှိမ်းသတ်ရေး သရုပ်ပြသလေ့ကျင့်ခြင်းကို ယနေ့နံနက်ပိုင်းက မဲဇလီ-ဒလကျေးရွာရှိ စိမ်းလဲ့မြေဆန်စက်၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမင်းသူက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းရည်ရွယ်ချက်၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးငြှိမ်းသတ်ခြင်းဆိုင်ရာ အသိပညာပေးအကြောင်းအရာများနှင့် မီးသတ်ဆေးဘူးသုံးစွဲနည်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက စက်ရုံဝန်ထမ်းများနှင့်အတူ မီးသတ်ဆေးဘူးအသုံးပြုခြင်း၊ မီးငြှိမ်းသတ်ခြင်းတို့ကို လက်တွေ့သရုပ်ပြသလေ့ကျင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်ဆက်)**



❑ မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၇ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပျော်ဘွယ်မြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့၌ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၂၅၂ တန်၊ အခြားသစ် ၅ ဒသမ ၂၄၉ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၈၆၃၂၂ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ**

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ၁၃ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၇၂၄၀၂) ကိုလည်းကောင်း၊ ရွာသာကြီး Dry Port ၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးနှင့် မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင်



အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။

စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းလေးမျိုး၊ လူသုံးကုန်ပစ္စည်းနှစ်မျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၁၇၀၂၈၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Dong Feng Tractor Head တစ်စီး၊ Hino Profia Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်နှစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၅၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၆၈၉၂၆၈၂ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဒီဇင်ဘာ ၂၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင်မီးသွေး ၂ ဒသမ ၈၈၀ တန်၊ ကျွန်းသစ် ၀ ဒသမ ၅၅၅ တန်၊ သစ်မာ ၀ ဒသမ ၁၉၂ တန်၊ အခြားသစ် ၀ ဒသမ ၉၂၉ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၁၀၄၅ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**အခွန်ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်စေ**

၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်နှင့် ၂၉ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၅ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၉၅၃၀၀၄၉ ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ငွေကြေးမတည်ငြိမ်မှုများနှင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာမှုများဖြစ်ပေါ်စေပြီး စားသုံးသူပြည်သူများအတွက်လည်း ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## တာချီလိတ်မြို့၌ ငွေကျပ်သိန်း ၂၇၅၀ တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိ



သာလာစိုးနှင့် စိုင်းခမ်းပန် (ခ) အားလုံတို့အား သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၃၀**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၉ ရက် နံနက် ၈ နာရီက တာချီလိတ်မြို့ ဆေခမ်းရပ်ကွက် မြို့ရှောင်လမ်း၌ သာလာစိုး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်တူးဘောက်အတွင်းမှ စိတ်ပြောင်းဆေးဝါး Happy Water ၂ ဒသမ ၅ ကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ နံနက် ၈ နာရီ ၄၅ မိနစ်တွင် စိတ်ပြောင်းဆေးဝါးများ ရောင်းချပေးသူ စိုင်းခမ်းပန် (ခ) အားလုံ အား တာချီလိတ်မြို့ ဆေခမ်းရပ်ကွက်တွင် ဆိုင်ကယ်တစ်စီးနှင့်အတူ ဆက်လက် ဖမ်းဆီးရမိခဲ့သဖြင့် သာလာစိုး (၂၇)နှစ်နှင့် စိုင်းခမ်းပန် (ခ)အားလုံ(၂၉)နှစ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ထွန်းမြတ်သူနှင့် အောင်မြင့်ဗိုလ် (ခ) ဗိုလ်ဗိုလ်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## တာမွေမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၈ ရက် ည ၈ နာရီခွဲတွင် တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် သံသုမာလမ်း၌ မသင်္ကာဖွယ်တွေ့ရှိသူ အောင်မြင့်ဗိုလ် (ခ) ဗိုလ်ဗိုလ်အား စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ည ၉ နာရီတွင် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာ၌ ပူးပေါင်းပါဝင်သူ ထွန်းမြတ်သူအား သင်္ဃန်းကျွန်းမြို့နယ် လေးထောင့်ကန်ရပ်ကွက်၌ ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် အောင်မြင့်ဗိုလ်(ခ)ဗိုလ်ဗိုလ်(၃၄)နှစ်နှင့် ထွန်းမြတ်သူ (၃၅)နှစ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။


သတင်းစဉ်

## ကလောမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၇ ရက် နံနက် ၈ နာရီ ၄၅ မိနစ်က ကလောမြို့နယ် ဝက်ဖြူရေကျေးရွာအုပ်စု ရေယားကျေးရွာအနီး၌ သီဟလှိုင် (ခ) ကိုညီ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ည ၆ နာရီ မိနစ် ၅၀ တွင် စိတ်ကြွရူးသွပ်ဆေးပြားများ လက်ခံမည့်သူ မတင်မူလှိုင် (ခ) စနေမ အား တောင်ငူမြို့ အမှတ်(၇) ရပ်ကွက်တွင် ဆိုင်ကယ်တစ်စီးနှင့်အတူ ဆက်လက် ဖမ်းဆီးရမိခဲ့သဖြင့် သီဟလှိုင် (ခ) ကိုညီ(၄၄)နှစ်နှင့် မတင်မူလှိုင်(ခ)စနေမ(၃၁)နှစ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်



သီဟလှိုင်(ခ)ကိုညီနှင့် မတင်မူလှိုင်(ခ)စနေမတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## ပင်လောင်းမြို့နယ်အတွင်း ဘိန်းခင်းများဖျက်ဆီး

**ပင်လောင်း ဒီဇင်ဘာ ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်အတွင်းရှိ စိုက်ပျိုးထားသည့် ဘိန်းခင်းများကို သက်ဆိုင်ရာ



အဖွဲ့တို့က ဒီဇင်ဘာ ၂၈ ရက်မှစတင်၍ ဆက်လက်ဖျက်ဆီးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဘိန်းခင်းဖျက်ဆီးရေးတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်ဝင်းနိုင်ဦးစီးသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မတော်သားများ၊ မူးယစ်တပ်ဖွဲ့စု(၂၆)မှ ရဲမှူးဝင်းထွန်း ဦးစီးသော မူးယစ်တပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနဆိုင်ရာဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် စင်းတောင်းကျေးရွာအုပ်စု တင်းထက်ကျေးရွာအနောက်ဘက်နှစ်မိုင်ခန့်အကွာရှိ ဖူးပွင့်ဆဲ ဘိန်းခင်း ၄၁ ဧကကို မြက်ဖြတ်စက်များဖြင့် ဖျက်ဆီးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ပင်လောင်းမြို့နယ်၌ နိုဝင်ဘာလလယ်မှစတင်ကာ ဒီဇင်ဘာ ၂၈ ရက်အထိ ဘိန်းစိုက်ခင်းစုစုပေါင်း ၁၀၉၇ ဧကခန့် ဖျက်ဆီးနိုင်ခဲ့ပြီး ကျန်ရှိသည့် ဘိန်းခင်းများကိုလည်း ဆက်လက်ရှာဖွေ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## အမရပူရမြို့နယ်၌ အထောက်အထားမဲ့ တရားမဝင် သယ်ဆောင်လာသော ဒီဇယ်ဆီပီပါ ၂၅ လုံး ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်၌ ဒီဇင်ဘာ ၂၈ ရက်က အထောက်အထားမဲ့ တရားမဝင်သယ်ဆောင်လာသော ဒီဇယ်ဆီပီပါ ၂၅ လုံး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၈ ရက်က အမရပူရမြို့နယ် ရတနာပုံတံတား (နှာပေါက်) စစ်ဆေးရေးဂိတ်၌ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မန္တလေးဘက်မှ စစ်ကိုင်းဘက်သို့ ဝက်လက်မြို့နယ် ကံဘဲ့ကျေးရွာနေ သန်းဇော်(၃၆)နှစ် မောင်းနှင်လာသည့် 2C/---- MITSUBISHI CANTER ယာဉ်ကို ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်၌ အထောက်အထားမဲ့ တရားမဝင်သယ်ဆောင်လာသော ပရိမီယမ်ဒီဇယ်ဆီဟုယူဆရသည့် ဆီပီပါ ၂၅ လုံး တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် သန်းဇော်အား အမရပူရမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ
## ကြေညာချက်
**(ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ လ ၃၁ ရက်)**

၁။ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ လ (၁) ရက်နေ့တွင် ကျင်းပမည့် (၇၀) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆု ထီဖွင့်ပွဲအတွက် ထီလက်မှတ်များကို **" က " အက္ခရာမှ အစဉ်လိုက် " ဈ " အက္ခရာအထိ** စုစုပေါင်း အက္ခရာ (၈) လုံးအား ခွဲဝေရောင်းချရာတွင် ထီစာအုပ် (၆၅၄၅၄၄) အုပ်အား ရောင်းချနိုင်ခဲ့ပါသည်။

၂။ ထီလက်မှတ်များ ရောင်းချရငွေမှာ ကျပ် သန်း (**၆၅၄၅.၄၄၀**) ဖြစ်သဖြင့် ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ်သန်း ( **၄၅၈၁.၈၀၈**) ဖြစ်ပါသည်။

၃။ အဆိုပါ ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများနှင့် ဘဏ္ဍာသိမ်းရငွေ ကျပ် သန်း (**၂၅၀.၀၀၀**) ကို ပြန်လည်ချီးမြှင့်ပေးမည့် ထီဆုငွေတို့မှ အောက်ဖော်ပြပါဆုမဲများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

| | | | | |
|---|---|---|---|---|
| (က) | **အထူးဆုကြီး** | | | |
| (၁) | ကျပ်သိန်းငါးထောင် | = | (၁) | ဆု |
| (၂) | ကျပ်သိန်းနှစ်ထောင် | = | (၁) | ဆု |
| (၃) | ကျပ်သိန်းတစ်ထောင် | = | (၁) | ဆု |
| (ခ) | **ဆုတစ်ဆုချင်း** | | | |
| (၁) | ကျပ်သိန်းငါးရာ | = | (၄) | ဆု |
| (၂) | ကျပ်သိန်းနှစ်ရာ | = | (၅) | ဆု |
| (၃) | ကျပ်သိန်းတစ်ရာ | = | (၁၀) | ဆု |
| (၄) | ကျပ်သိန်းငါးဆယ် | = | (၁၃) | ဆု |
| (၅) | ကျပ်သိန်းနှစ်ဆယ် | = | (၁၆) | ဆု |
| (၆) | ကျပ်တစ်ဆယ်သိန်း | = | (၁၅) | ဆု |
| (ဂ) | **ဝေဝေဆာဆာပဒေသာဆု** | | | |
| (၁) | ကျပ်သုံးသိန်း | = | (၃၀) | ဆု |
| (၂) | ကျပ်နှစ်သိန်း | = | (၈၀၀) | ဆု |
| (၃) | ကျပ်တစ်သိန်း | = | (၆၀၀၀) | ဆု |
| (၄) | ကျပ်ငါးသောင်း | = | (၃၀၀၀၀) | ဆု |
| (၅) | ကျပ်တစ်သောင်း | = | (၁၀၀၀၀၀) | ဆု |
| (ဃ) | **ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း (၂၅၀.၀၀၀) မှ ချီးမြှင့်သည့်ဆု** | | | |
| (၁) | ကျပ် တစ်ဆယ်သိန်း | = | (၄) | ဆု |
| (၂) | ကျပ် သုံးသိန်း | = | (၂၀) | ဆု |
| (၃) | ကျပ် နှစ်သိန်း | = | (၂၀၀) | ဆု |
| (၄) | ကျပ် တစ်သိန်း | = | (၂၀၀၀) | ဆု |

၄။ **(၅) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းဂဏန်း (၅) လုံးသိန်းဆုထီဖွင့်ပွဲကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး၊ အောင်ဘာလေအွန်လိုင်းဂဏန်း (၅) လုံးသိန်းဆုထီလက်မှတ်များ၏ စုစုပေါင်းရောင်းရငွေအပေါ်မှ (၇၀) ရာခိုင်နှုန်းအား ဆုမဲအဖြစ် ပြန်လည်ခွဲဝေချီးမြှင့်သွားမည်ဖြစ်ပါသည်။**

၅။ (၇၀) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲကို (၁-၁-၂၀၂၅) ရက်နေ့ (ဗုဒ္ဓဟူးနေ့) ၊ နံနက် (၀၈:၀၀) နာရီအချိန်တွင်လည်းကောင်း၊ (၅) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းဂဏန်း (၅) လုံးသိန်းဆုထီဖွင့်ပွဲကို နေ့လယ် (၀၂:၀၀) နာရီအချိန်တွင်လည်းကောင်း အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇) လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 13W/09355 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကိုဟိန်း ၉/တသန(နိုင်)၂၂၀၈၀၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မြင်းခြံ)**

### မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၂ယ/၄၀၀၈၇၊ Honda Click–I –150, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမင်းကိုကို ၆/မမန(နိုင်)၁၉၄၉၁၄က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။သက်သေခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မြိတ်)**

### အမွေပြတ်စွန့်လွှတ်ခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ကန်ဖျားရပ်ကွက်၊ ဘုရားကိုးဆူဈေးလမ်း၊ အမှတ်(၃) ကျွန်တော် ဦးမွန်စိုက်(ဘ) ဦးထားလား ၆/မအရ(နိုင်)၀၀၈၄၀၀မှ ဒုတိယမြောက်သားဖြစ်သူ မောင်နေမျိုးထွန်း(ခ)ပေါက်စ(ဘ)ဦးမွန်စိုက် ၆/မအရ(နိုင်)၀၈၇၂၄၉ နှင့်ပတ်သက်၍ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်တော်၏ ဒုတိယမြောက်သားဖြစ်သူ မောင်နေမျိုးထွန်း(ခ)ပေါက်စသည် ဖခင်ဖြစ်သူ၏ဆိုဆုံးမမှုများကို နာခံမှုမရှိသည့်အပြင် မိသားစုအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်အမျိုးမျိုး ပြုလုပ်ခြင်း၊ ဂုဏ်သိက္ခာကျဆင်းအောင်ပြုလုပ်ခဲ့ပြီး နေအိမ်ပေါ်မှ ၎င်း၏သဘောဆန္ဒအလျောက် (၃- ၁၁-၂၀၂၄)ရက်တွင် နေအိမ်မှ ထွက်သွားခဲ့ပြီး ယနေ့အချိန်အထိ ပြန်လည်ရောက်ရှိလာခြင်းမရှိပါ။ နေအိမ်ပေါ်မှဆင်းသွားသည့်ရက်မှစ၍ မောင်နေမျိုးထွန်း(ခ)ပေါက်စနှင့်ပတ်သက်သည့် ကိစ္စအဝဝကို ဖခင်ဖြစ်သူ ကျွန်တော် ဦးမွန်စိုက်နှင့်မိသားစုများမှ လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် ၎င်းအားလည်း အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးမွန်စိုက်(ဘ) ဦးထားလား ၆/မအရ(နိုင်)၀၀၈၄၀၀**
**အမှတ်(၃)၊ ဘုရားကိုးဆူဈေးလမ်း၊ ကန်ဖျားရပ်၊ မြိတ်မြို့**

### ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အကွက်အမှတ် ၁၄၅၊ ဦးပိုင် အမှတ် ၂၉ အ/၈၆/၁၉x၂၀ကြား၊ ၈၁x၈၂ကြားရှိ ဒေါ်ဝင်းမြင့် အမည်ပေါက် ဘိုးဘမြေကွက်အား ဖခင်ဦးဘစံ၊ မိခင် ဒေါ်ဝင်းမြင့် တို့ကွယ်လွန်၍ ကျန်ရစ်သူ သားသမီးများဖြစ်ကြသော ဦးစံမြအောင် ၉/ကဆန(နိုင်) ၀၀၀၀၇၁၊ ဒေါ်သက်မာဦး ၉/ကဆန (နိုင်) ၀၀၀၁၀၆၊ဦးဇော်မြအောင် ၉/ကဆန(နိုင်) ၀၀၀၀၆၆၊ဒေါ်တာရာစံ ၉/ကဆန(နိုင်)၀၀၀၀၅၉တို့က ဘိုးဘအမည်ပေါက် မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်နှင့်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကဉ္စဏမဟီရပ်ကွက်၊ အကွက် အမှတ် ၆၃၄၊ ဦးပိုင်အမှတ် ၅၅-ခ/၃၃x၃၄ကြား၊ ၇၆x၇၇ကြား ရှိ ဦးကျော်မြင့်(ခ)ဖိုးတွတ် အမည်ပေါက် ဂရန်မြေကွက်အား၊ ဖခင်ဦးကျော်မြင့်(ခ)ဖိုးတွတ်၊ မိခင်ဒေါ်ခင်မြင့်ရီ၊ သားဦးကျော်ကျော်(လူပျိုဘဝ)၊ သား ဦးဇော်ဇော်(လူပျိုဘဝ)တို့ ကွယ်လွန်၍ ကျန်ရစ်သူ သမီးများဖြစ်ကြသော ဒေါ်မြင့်မြင့်မော် ၉/မရမ(နိုင်) ၀၉၂၂၀၄၊ ဒေါ်စုနန္ဒာထွေး ၉/မရမ(နိုင်)၀၈၄၅၉၇တို့က ဂရန်စာချုပ်၊သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၁ရပ်ကွက်၊ အကွက်အမှတ်အပိုင်း ၅-ခ၊ ဦးပိုင်အမှတ် ၁၀၇/၃၉လမ်း၊ ၆၇x၆၈ကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ခင်ပွန်း ဦးသန်းမြင့် ကွယ်လွန်၍ ကျန်ရစ်သူ ဇနီး ဒေါ်ခင်သန်းညွန့် ၉/မရမ(နိုင်) ၀၇၃၂၈၂က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊(က)ရပ်ကွက်၊ အကွက်အမှတ် လ-၁၀၊ ဦးပိုင်အမှတ် ၆၆၊ ၆၃x၆၄ကြား၊ ၁၁၃ x ၁၁၄လမ်းကြားရှိ ဗိုလ်မှူးအေးဖေ အမည်ပေါက် တောဂရန် မြေကွက်အား တရားလို ဒေါ်ခင်အုန်းမြင့်က တရားပြိုင် ဦးအေးဖေ အပေါ်မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၇၆/၂၀၂၄)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်ခင်အုန်းမြင့် ၉/မရတ(နိုင်) ၀၂၈၅၉၆က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 54W/46099, Super Anbo 125 ယာဉ်လက်ဝယ်ရှိသူ Arr Shin Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

### ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအနောက်ရပ်ကွက်၊ အကွက်အမှတ်(၂၁၂)၊ ဦးပိုင်အမှတ်(၁၂/၁၄-ခ)၊ ၉၁(စီ)လမ်း၊ ၂၅x၂၆လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးသန့်စင်ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၄၄၂၀/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်ခင်အေး ၉/မနတ(နိုင်) ၀၈၀၁၅၄၏(GP ရရှိသူ ဦးဆန်းလင်းမော်)က အမှုတွဲအမှတ် (၅၆၃၇/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများမှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အကွက်အမှတ် ၇၇၊ ဦးပိုင်အမှတ် (၄.က+၅.ကအတွင်းမှ ခဲစင်းပြ၊ ၅.က/ခဲစင်း)၊ ၁၄လမ်း၊ ၈၇x၈၈လမ်းကြားရှိ ဦးမောင်ခင်၊ဒေါ်သန်းနု အမည်ပေါက်ဘိုးဘမြေကွက်အား ခင်ပွန်းဖြစ်သူ ဦးမောင်ခင် ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၁၇၃၅/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်သန်းသန်းနု (ခ) ဒေါ်သန်းနု ၏(SP ရရှိသူ ဒေါ်ဂျူပီတာ)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၁၆၆/၂၀၂၄)ဖြင့်ဝယ်ယူခဲ့သူ MOHAMED FARROT (ခ) မိုဟာမက်ဖာရွတ် ၁၃/ကခန(ပြု) ၀၀၀၁၇၂က အမှုတွဲအမှတ် (၀၆၄၄/ဘခွဲ(ပြောင်း)၂၀၂၄-၂၀၂၅)ဖြင့် ဘိုးဘ/ဦးပိုင်ခွဲ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 27W/37232 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပြင်ဦးလွင်မြို့၊ အထက (ဆင်လမ်း) ကျောင်းတွင် အလယ်တန်းပြ ရာထူးဖြင့် တာဝန်ထမ်းဆောင်လျက်ရှိသော (ဘ)ဦးမိုးလ်ဗဟာဒူးရိုင်း၏ သမီးဖြစ်သူ အမည်မှန်မှာ ဒေါ်အနီသား(ခ)ဒေါ်အယ်နီသား ၉/မမန(နိုင်)၀၄၄၃၁၂သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဒေါ်အနီသား(ခ)ဒေါ်အယ်နီသား**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၇)၊ နွယ်နင်းကျေးရွာနေ ဦးအိုက်ဆန်း၏ သမီး အမည်မှန်မှာ ဒေါ်ယေ့ဗရား(ခ)ဒေါ်မေလွင်ဦး ၁၃/တယန(နိုင်) ၀၇၇၄၇၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ယေ့ဗရား(ခ)ဒေါ်မေလွင်ဦး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 21W/14520, Honda Click-125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နွယ်ရီချို ၇/ကဝန(နိုင်)၀၈၅၇၉၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4W/51650, Yamaha DT -125R ယာဉ်လက်ဝယ်ရှိသူ ဦးဇော်လွင် ၅/တဆန(နိုင်)၀၇၄၇၇၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 43W/20539, Yin Anbo 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇာနည်ဝင်း ၉/အမဇ(နိုင်) ၀၅၇၃၀၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1W/67082, Honda Dream 100 ယာဉ်လက်ဝယ်ရှိသူ ဦးစောမင်းထွန်း ၉/မနမ(နိုင်) ၀၀၅၃၀၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## အလိမ္မာ စာမှာရှိ

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၀၄)ရပ်ကွက်၊ ရာကျော်လမ်း၊ အမှတ်(၁၀၅၅)၊ အကျယ်အဝန်း ပေ(၄၀x၆၀)ရှိ ရန်ကုန်တိုင်းဒေသကြီး၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနတွင် ဦးမြင့်စိုး ၁၂/သကတ(နိုင်) ၀၁၂၄၀၀အမည်ပေါက်ရှိပြီး အဆိုပါမြေကွက်အား တရားဝင် ခွဲခြမ်းစိတ်ဖြာခြင်း မရှိသေးသည့် အကျယ်အဝန်း ပေ(၂၀x၆၀)ရှိ ပါမစ်မြေနှင့် ၎င်းမြေပေါ်ရှိအဆောက်အအုံနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဆက်စပ်စာချုပ်များဖြင့် တရားဝင်ပိုင်ဆိုင် လက်ဝယ်ထားရှိသူ ဒေါ်ဝင်းမမ ၁၂/ဒဂတ(နိုင်)၀၃၅၀၅၄က အဆိုပါအဆောက်အအုံနှင့် ပါမစ်မြေအား မိမိတစ်ဦးတည်းသာပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် ထိုမြေနှင့် အဆောက်အအုံအား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်စိန်လှ ၁၁/ကဖန(နိုင်)၀၈၉၀၁၁မှ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** | |
|---|---|---|
| **ဦးကျော်စိန်လှ** | **ဒေါ်ခင်ခင်နွယ်** | **ဒေါ်ငြိမ်းငြိမ်းဦး** |
| **၁၁/ကဖန(နိုင်)၀၈၉၀၁၁** | **(LL.B.,D,B.L)** | **(L.L.B)** |
| | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| | **(စဉ်-၅၁၆၇၆)** | **(စဉ်-၅၃၉၁၆)** |

**အမှတ်(၁၈၁)၊ ငမိုးရိပ်(၈)လမ်း၊ အပိုင်း(၃)**
**ငမိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ Ph. 09-251339567, 09-886416560**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁) ရပ်ကွက်၊ အကွက်အမှတ် (ဒ-၉)၊ ဦးပိုင်အမှတ် (၂)၊ ၆၅X၆၆ကြား၊ ၃၉လမ်းရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သူဇာညွန့် ၉/မရမ(နိုင်)၀၆၂၂၉၆ က အမှုတွဲအမှတ်(၅၆၆၈/ ၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၃ ရပ်ကွက်၊ အကွက်အမှတ်(င-၆)၊ ဦးပိုင်အမှတ်(၁၂၇)၊ ၆၂x၆၄ကြား၊ ၁၁၀x၁၁၁လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ဦးစိန်ဝင်း၊ ဒေါ်သီတာ၊ ဒေါ်နီလာ၊ ဦးဇော်ဝင်း၊ ဒေါ်ဇွန်မိုးထွေးတို့၏ (GP ရရှိသူ ဦးသန့်ဇင်ဖြိုး) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ်(၃၃၆၂/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးကျွေးကြိုက်(ခ)ထွန်းထွန်းဦး ၁၃/ကမန(ဧည့်)၀၀၀၇၇၁၊ ဒေါ်နန်းနန္ဒာထွန်း ၁၃/ကခန(နိုင်) ၀၆၂၇၃၄ တို့က အမှုတွဲအမှတ်(၅၆၁၈/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် (၁၀)၊ ဦးပိုင်အမှတ် (၈၁-ခ)၊၅၄X၅၅ကြား၊ ရွာလယ်လမ်းထောင့်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နှင်းနှင်းထွေး၏(SP ရရှိသူ ဒေါ်အဲဖိန်းထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်(၃၃၃၄/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ရွှယ်ဂျား ၁/မကန(ပြု) ၀၀၁၀၂၁ က အမှုတွဲအမှတ်(၅၆၃၉/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၃ရပ်ကွက်၊ အကွက်အမှတ်(င-၆)၊ ဦးပိုင်အမှတ် (၁၂၄)ခဲစင်း ၁၀၉(B)လမ်း၊ ၆၃x၆၄လမ်းကြားရှိ ဂရန် မြေကွက်အမည်ပေါက်သူ ဒေါ်ဇွန်မိုးထွေး ၉/အမဇ(နိုင်) ၀၀၃၆၄၉၏ (GP ရရှိသူ ဦးစိုးမြင့်က အမှုတွဲအမှတ် (၅၆၄၁/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး၊ ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ် (င-၆)၊ ဦးပိုင်အမှတ် ၁၂၄ခဲစင်း၊ ၁၀၉(B)လမ်း၊ ၆၃X၆၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဇွန်မိုးထွေး ၉/အမဇ(နိုင်)၀၀၃၆၄၉၏(GP ရရှိသူ ဦးစိုးမြင့်)ကအမှုတွဲအမှတ် (၅၆၄၂/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး၊ ဦးပိုင်ခွဲလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

PHI RICE SOLUTION

## PHI Rice Solution Mobile App နှင့် ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ (၃၃) ရပ်ကွက်၊ သင်းဝင်လမ်း၊ ရွှေကြာယံအိမ်ရာ၊ အမှတ် (၆၁) နေ ဦးပြည့်ဖြိုးသင်း (၅/ရဘန (နိုင်) ၁၄၈၀၂၇) သည် အထက်ပါအမှတ်တံဆိပ် နှင့်အတူ PHI Rice Solution Mobile App ကို ၎င်း၏ PHI Co.,Ltd ၏ မူပိုင်တီထွင်မှုအဖြစ် ကိုယ်ပိုင်ဖန်တီးထားပါသည်။ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်မှတ်ပုံတင်ခြင်း (Trademark Registration)၊ တီထွင်မှု မူပိုင်ခွင့်မှတ်ပုံတင်ခြင်း (Patent Registration) တို့ သက်ဆိုင်ရာ မူပိုင်ခွင့်ဌာန (IPD) ၌ မူပိုင်ခွင့်မှတ်ပုံတင်ခြင်းများကို တရားဝင် ဆောင်ရွက်မည်ဖြစ်ပါ၍ (၁၄) ရက်အတွင်း ကန့်ကွက်ရန် နှင့် ယင်းနေ့ကျော်လွန်ပါက ဦးပြည့်ဖြိုးသင်း (PHI Co.,Ltd) ၏ တစ်ဦးတည်းမူပိုင်အဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေအပ်ပါသည်။

ဥပဒေဆိုင်ရာလွှဲအပ်ချက်အရ
**ဦးအောင်စိုး**
B.A, R.L, D.B.L, D.M.L, D.I.L
Diploma in International Business Organization (UK)
Diploma in International Intellectual Property Law (UK)
Councillor of ASEAN Intellectual Property Association
နိုင်ငံတော်ပဗ္ဗလစ် နှင့် တရားလွှတ်တော်ရှေ့နေ (စဉ်- ၂၁၈၂/၈၂)
အမှတ် (၅၂၇)၊ ပထမထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၄၅၃၈၉၀၇၉၂၊ ၀၉-၄၂၀၀၂၃၃၅

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၈/ပုဗ္ဗသီရိရပ်)၊ မြေကွက်အမှတ် (ပ-၂၂၂၉၇)၊ ဧရိယာ(၀.၁၁၀)ဧကရှိမြေကွက်နှင့် ယင်းမြေပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အား နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့/မြေဌာနတွင် ဒေါ်ရီရီမြိုင် ၁၄/မအပ(နိုင်)၂၂၆၇၉၁အမည်ဖြင့် နှစ်(၃၀)မြေငှားဂရန်အမည်ပေါက် ပြောင်းလဲထားသော မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်အား အမည်ပေါက်ပိုင်ရှင်ထံမှ အဆင့်ဆင့်လက်ရောက်ပိုင်ဆိုင်ထားပြီး ရောင်းချစီမံပိုင်ခွင့်ရှိသူ ဒေါ်အေးသက်မွန် ၉/ကဆန(နိုင်)၁၁၇၀၂၁ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အိအိချမ်း ၁၂/ဗတထ(နိုင်)၀၃၃၆၆၈က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်း ခိုင်လုံသောဂရန်မူရင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အိအိချမ်း၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်ဇေယျ(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၄၁၉၀)**
**အမှတ်(၃၅)၊ရွာတော်ဈေး၊ ပုဗ္ဗသီရိမြို့၊ ဖုန်း-၀၉-၇၇၈၄၄၇၇၅၄**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်၊ အကွက်အမှတ် ၁၅၈၊ ဦးပိုင်အမှတ်(၂၁.ဃ)၊ ၂၀x၂၁ကြား၊ ၈၂x၈၃ကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်ချင်ဖိန်း(ခ)ဒေါ်လှိုင်လှိုင်မြင့်၊ ဦးဇော်မိုး၊ ဦးကျော်စိုးဝင်း၊ ဒေါ်ဟေမာကျော်တင့်၊ ဒေါ်ကေရီမိုး(ခ)ဒေါ်ကေရီကျော်တင့် တို့ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်(၃၅၁၃/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ကြည်ကြည်အေး(ခ)ဒေါ်အားချိန် ၁၃/တယန(နိုင်) ၀၁၇၂၁၆က အမှုတွဲအမှတ်(၀၆၄၇/ဘ( ပြောင်း)/၂၀၂၄-၂၀၂၅)ဖြင့် ဘိုးဘ၊ အမည်ပြောင်းလျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ သန်လျက်မော်အနောက်ရပ်ကွက်၊ အကွက်အမှတ် (၁၈၄)၊ ဦးပိုင်အမှတ် (၁၅-ခ)၊၉၁(ဘီ)၊၄၂x၄၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးမြစိုး ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၁၉၂၄/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်မြင့်မြင့်ကြည်ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၃၆၉၄/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်အေးအေးမြင့် ၉/မနတ(နိုင်)၀၃၆၅၂၃၊ ဒေါ်အေးအေးခိုင် ၉/မနတ(နိုင်) ၀၃၆၅၂၅ကအမှုတွဲ အမှတ် (၅၅၇၆/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၁ ရပ်ကွက်၊ အကွက်အမှတ်(ဒ-၉)၊ ဦးပိုင်အမှတ်(၁)၊ ၃၉လမ်း၊ ၆၆လမ်းထောင့်ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်သူဇာညွန့် ၉/မရမ(နိုင်) ၀၆၂၂၉၆က အမှုတွဲအမှတ်(၅၆၆၇/ ၂၀၂၄-၂၀၂၅) ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ် ၁၅၊ ဦးပိုင်အမှတ် ၄၄/၁၈x၁၉ကြား၊ ၆၀x၆၂ကြားရှိ မောင်အုံးဖေပါ-၂ အမည်ပေါက် အခလွတ်ဂရန်မြေကွက်အား ဖခင်ဦးအုန်းဖေ၊ မိခင် ဒေါ်ခင်မြိုင်၊ သားဦးအောင်သိန်း၊ သားဦးကျော်ဝင်းတို့ ကွယ်လွန်၍ ကျန်ရစ်သူသားသမီး၊ မြေးမများဖြစ်ကြသော ဦးကျော်မင်း ၉/မမန(နိုင်)၀၃၁၂၄၁၊ ဒေါ်မမလေး ၉/မနမ(နိုင်) ၀၆၅၃၅၀၊ ဒေါ်မိမိလေး ၉/မနမ(နိုင်)၀၆၅၂၀၁၊ ဒေါ်တင်ခိုင် ၉/မနမ(နိုင်) ၀၆၅၂၀၃၊ ဒေါ်အေးငွေ ၉/မနမ(နိုင်)၀၆၅၃၂၅တို့က အခလွတ်ဂရန်မူရင်းမှာ အသိမ်းလွန်၍ ပျောက်ဆုံးသွားကြောင်း သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန် အတွက်မြေပုံ/မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက်အမှတ် နန-၂၀၊ ဦးပိုင်အမှတ် ၃၈/၆၅x၆၆ကြား၊ ၁၃၃x၁၃၄ကြားရှိ ဦးချစ်တီးအမည်ပေါက်တောဂရန်မြေကွက်အား၊ ဖခင်ဦးချစ်တီး၊ မိခင် ဒေါ်ခင်ကြည် တို့ကွယ်လွန်၍ ကျန်ရစ်သူသားသမီးများဖြစ်ကြသော ဦးလင်းနိုင် ၉/မရတ(နိုင်) ၁၂၇၂၆၄၊ ဒေါ်အေးအေးမာ ၉/မရတ(နိုင်) ၀၉၅၁၉၉တို့က တောဂရန်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက်အမှတ် နန-၁၆၊ ဦးပိုင်အမှတ် ၇၇ ခဲစင်းမြောက်ခြမ်း/၁၃၃x၁၃၄ကြား၊ ၆၁x၆၂ကြားရှိ တောဂရန်မြေကွက်အား အမည်ပေါက်သူ ဦးစံရီထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၃၃၃၈/၂၀၂၄)ဖြင့် ဦးသိန်းထွန်း၊ဒေါ်ကေသွယ်ဦးတို့က ဝယ်ယူခဲ့ပြီး ခင်ပွန်း ဦးသိန်းထွန်း ကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်ကေသွယ်ဦး ၇/နတလ(နိုင်) ၀၀၆၄၉၄က ငွေသွင်းပြေစာနှင့် မြေချထားမိန့်စလစ်မူရင်းများမှာ အသိမ်းလွန်၍ ပျောက်ဆုံးနေကြောင်း ၊ တောဂရန်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ ခဲစင်းပြအမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆)၊ အမှတ်(၂)လမ်းနှင့်အောင်ရတနာ(၁၂)လမ်းထောင့်၊ မြေကွက်အမှတ်(၁၄၃)ဟုခေါ်တွင်သည့် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၅)ထပ်တိုက်၏ မြေညီထပ်(ခြေရင်းခန်း)၊ အခန်းအမှတ်(1-B) အကျယ်အဝန်း (၁၅ပေ x ၄၀ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၌ တွယ်ကပ်တပ် ဆင်ထားသည့် ပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူများဖြစ်သည့် ဒေါ်ဝင်းမင်းသန်း ၁၂/လမတ(နိုင်) ၀၀၂၄၈၁နှင့် ဦးသီဟထွန်းဦး ၁၂/သဃက(နိုင်) ၁၉၂၇၅၇တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အိအိခိုင် ၁၂/သကတ(နိုင်) ၁၆၂၄၄၁က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းတိုက် ခန်းနှင့်ပတ်သက်၍ အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဝင်းဝင်းနွယ် LL.B,B.A(Business Law) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၆၉၂)**
**အမှတ်(၁၂၂၉)၊ ပင်လုံလမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၉၈၂၉၃၅၉၉၁**

## ပြည်ထဲရေးဝန်ကြီးဌာန
## ၂၀၂၄-၂၀၂၅ငွေလုံးငွေရင်း(ပြည့်စွက်)/ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေတို့ဖြင့်တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီ
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီသည် တပ်ဖွဲ့/ဦးစီးဌာနများအတွက် လိုအပ်သော တည်ဆောက်ရေးလုပ်ငန်းများ ဆောက်လုပ်ခြင်းများ ဆောင်ရွက်နိုင်ရန် ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်ခဲ့ပြီး ဖြစ်ပါသည်။

၂။ အဆိုပြုတင်ဒါအဆိုပြုလွှာတင်သွင်းထားသော လုပ်ငန်းရှင်များ၏ ဈေးနှုန်း တင်သွင်းခြင်း တင်ဒါပုံစံများနှင့်ပတ်သက်၍ Profile အောင်မြင်သည့် ကုမ္ပဏီအမည်စာရင်းအား ၃၁-၁၂-၂၀၂၄ရက်မှစတင်၍ သက်ဆိုင်ရာတပ်ဖွဲ့/ဦးစီးဌာန(ရုံးချုပ်)များတွင် လာရောက်ကြည့်ရှုနိုင်ပါသည်။

၃။ ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံ တင်သွင်းရမည့် ကုမ္ပဏီများအနေဖြင့် တပ်ဖွဲ့/ဦးစီးဌာနများ၏ တည်ဆောက်ရေးလုပ်ငန်းအုပ်စုအလိုက်ဈေးနှုန်း အဆိုပြုလွှာများအား ဒက္ခိဏသီရိမြို့နယ်၊ ကြာပင်အုပ်စု၊ ထန်းတပင်ကျောက်မျက်ကွက်သစ်၊ တော်ဝင်ရတနာလမ်း (ဆုတောင်းပြည့်ကျောင်းတိုက်အနီး)ရှိ ဒက္ခိဏခရိုင် မီးသတ်စခန်းတွင် ၆-၁-၂၀၂၅ရက် နံနက် (၀၉၀၀)နာရီအချိန်မှ ညနေ(၁၆၀၀)နာရီအချိန်ထိ တင်သွင်းရမည်ဖြစ်ပါသည်။ (သတ်မှတ်ချိန်ကျော်လွန်၍ တင်သွင်းလာသော ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံများကို လက်ခံစဉ်းစားခြင်း မပြုပါ။)

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

(က) **မြန်မာနိုင်ငံရဲတပ်ဖွဲ့** - ဖုန်း-၀၆၇-၃၄၁၂၁၃၈၊ ၀၆၇-၃၄၁၂၄၆၂
(ခ) **အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန** - ဖုန်း-၀၆၇-၃၄၁၂၈၂၂၊ ၀၆၇-၃၄၁၂၇၇၂
(ဂ) **အကျဉ်းဦးစီးဌာန** - ဖုန်း-၀၆၇-၃၄၃၁၄၂၀၊ ၀၆၇-၃၄၃၁၄၂၆

**တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၌
## ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၃၇

ဦးစောအောင် နှင့် ဦးဘရင်(ခ)ဦးဘလွင်
တရားလို တရားပြိုင်

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်အမှတ်(၈၈-၄)၊ ၅၆x၅၇ လမ်းကြား၊ ခိုင်ရွှေဝါလမ်းxအောင်ဆန်းလမ်းကြား၊ ချမ်းမြသာစည်မြို့နယ်နေ (ဘ)ဦးလပ်၏သားဖြစ်သူ ဦးဘရင်(ခ)ဦးဘသွင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးစောအောင်က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(တ-၆)၊ ဦးပိုင်အမှတ်(၂၅)၊ ဧရိယာ(၀ဒသမ၀၅၅ ၁)ဧက အကျယ်အဝန်းရှိ မြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင်အရောင်းအဝယ် စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၅ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက် (၁၃၈၆ခုနှစ်၊ ပြာသိုလပြည့် ၁၅ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည် ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာအထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ ဒီဇင်ဘာလ ၂၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝေယံမိုး)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ တိုးချဲ့ရပ်ကွက်၊စက်မှုဇုန်(၃)၊ ကင်းတားလမ်းနှင့် ယောက်ကော်လမ်းထောင့်၊ အမှတ်(၂၅၁) တွင်ဖွင့်လှစ်ထားသော MYAT NOE LAY Co.,Ltd (ကုမ္ပဏီမှတ်ပုံတင်အမှတ်-103207584 ) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါကုန်အမှတ်တံဆိပ်နှင့်စပ်လျဉ်း၍ အများသိစေရန်ကြေညာအပ်ပါသည်-

SMILE
FIRE EXTINGUISHER

Application Number -MM/T/2020/008734

အထက်ပါကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင်(၂၁-၁၁-၂၀၁၁)ရက်စွဲပါစာချုပ် အမှတ်(၁၁၅၅၃/၂၀၁၁)ဖြင့်မှတ်ပုံတင်သွင်း၍ တစ်ဦးတည်းမူပိုင်အဖြစ်အသုံးပြုလျက်ရှိပြီး SMILE Fire Extinguisher အမှတ်တံဆိပ်အား မြန်မာနိုင်ငံစီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနတွင် Application Number -MM/T/2020/008734 ဖြင့် MYAT NOE LAY Co.,Ltd မှ တင်သွင်း လျှောက်ထားပြီးဖြစ်ပါသည်။

SMILE Fire Extinguisher အမှတ်တံဆိပ်မီးသတ်ဆေးဗူးများသည် ISO 9001:2008/2015(2010-ယနေ့အထိ) လက်မှတ်အပြင် မြန်မာနိုင်ငံမီးသတ်ဦးစီးဌာနနှင့်စက်မှုဝန်ကြီးဌာနတို့မှလည်း ထောက်ခံခွင့်ပြုချက်များရရှိထားပြီး စံချိန် စံညွှန်းနှင့်အညီ တရားဝင်ထုတ်လုပ်၍ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ဖြန့်ဖြူးရောင်းချခဲ့သည်မှာ ယနေ့ထိတိုင်ဖြစ်ပါသည်။ ယခုအခါ အများပြည်သူထင်ယောင်ထင်မှားဖြစ်စေရန် SMILE Fire Extinguisher အမှတ်တံဆိပ်မီးသတ်ဆေးဗူးများနှင့်ဆင်တူယိုးမှားတုပပြုလုပ်၍ ဈေးကွက်အတွင်း ရောင်းချနေကြောင်းသိရှိရပါသည်။ ထိုသို့ ဆင်တူယိုးမှားတုပပြုလုပ်ရောင်းချသူများနှင့် တစ်နည်းနည်းအားပေးကူညီသူများအားလုံးကို စုံစမ်းဖော်ထုတ်၍တည်ဆဲ ဥပဒေများအရ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍အဆိုပါကုန်အမှတ်တံဆိပ်အားမည်သည့်ပုံစံနှင့်မဆိုမှိုငြမ်းတုပသုံးစွဲခြင်း၊ အမည်စာသား၊ ပုံစံတူပြုလုပ်ခြင်း၊ အသုံးပြုပြီး SMILE Fire Extinguisher မီးသတ်ဆေးဗူးခွံဟောင်းများတွင်မတူညီသော Quality အား ထည့်သွင်းသုံးစွဲ၍ပြန်လည်ရောင်းချခြင်း၊ ကုန်အမှတ်တံဆိပ်တုပပြုလုပ်ခြင်း၊ Social Media မှပုံများ၊ စာများကူးယူ သုံးစွဲခြင်းများ မပြုလုပ်ရန်၊ တစ်နည်းနည်းဖြင့် ထင်ယောင်ထင်မှားဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊သွယ်ဝိုက်၍ဖြစ်စေ၊ အသုံးပြုခြင်းမျိုး ပြုလုပ်ဆောင်ရွက်ခြင်းမပြုကြရန်သတိပေးတားမြစ်အပ်ပါသည်။

ထို့ကြောင့်မည်သူမဆို SMILE Fire Extinguisher ၏ လုပ်ငန်းအကျိုးစီးပွားနစ်နာစေရန် ရည်ရွယ်ဆောင်ရွက်လာပါက တည်ဆဲဥပဒေများနှင့် အညီတရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် SMILE Fire Extinguisher ၏ ထိခိုက်နစ်နာဆုံးရှုံးမှုများအပေါ် နစ်နာကြေးများတောင်းဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**Myat Noe Lay Co.,Ltd ၏ လွှဲအပ်ညွှန်ကြားချက်များအရ**
**ဒေါ်ဖြူဖြူဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၀၉၇ )**
**အမှတ်(၇၂/စီ)၊၅-လွှာ၊၁၆၅လမ်းတို၊တာမွေကြီး(ခ)ရပ်ကွက်၊တာမွေမြို့နယ်။**
**ဖုန်း-၀၉-၇၉၅၄၉၉၈၂၈၊ ၀၉-၄၄၂၅၁၉၂၆**

## အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဘွတ်ကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၂၁)၊ ဦးပိုင်အမှတ်(၂၉/၂)၊ မြေကွက်အမှတ်C-6(B)၊အလျား(၂၀'x ၆၀')စတုရန်းပေ အကျယ်အဝန်းရှိ မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ပိုင်ဆိုင်သူဦးဆိုင်းအောင်(၁၂/မဂဒ(နိုင်)၁၃၉၅၂၆ ထံမှ အပြီးအပိုင်ဝယ်ယူရန် အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးသူစိုး ၁၂/မရက(နိုင်)၁၄၇၄၆၇က စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ညွှန်ကြားချက်အရ**
**ဦးကြည်ထွန်း(စဉ်-၆၁၇၃) တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၁၂၊ မြေညီ၊ နတ်ချောင်း(၃)လမ်း၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၇၅၁၇၁**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အရှေ့သရက်ကုန်းကျေးရွာ၊ ကွင်းအမှတ်(၅၇၆)၊ဦးပိုင်အမှတ်(၂၃/၂(က))မူလပိုင်ရှင် (ဦးအေးကျော်-ဒေါ်ငွေးမြင့်)၊ ဒုတိယပိုင်ရှင်ဖြစ်သော(ဒေါ်ထက်ထက်ကျော်)ထံမှ ဝယ်ယူသော (အလျား ၂၆' x အနံ ၉၂')ရှိ ရေမီးစုံ၊ ရေစက်ပါအိမ်နှင့်ခြံမြေကို ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ၁၂/အစန(နိုင်) ၂၃၉၄၀၉က (၂၆-၁၂-၂၀၂၄)ရက်တွင် အိမ်နှင့်ခြံမြေကို အပြီးအပိုင် ဝယ်ယူခဲ့ကြပါသည်။ ထိုအချိန်မှစ၍ အထက်ဖော်ပြပါ အိမ်နှင့်ခြံမြေ၏ ယခုလက်ရှိပိုင်ရှင်မှာ (မအေးချမ်းမြတ်မွန်)သာ ယခုလက်ရှိ ပိုင်ရှင်ဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်းဖြစ်ပါသည်။ ပိုင်ရှင်(မအေးချမ်းမြတ်မွန်)မသိရှိဘဲ ရောင်းချပေါင်နှံခြင်းများပြုလုပ်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုမည်ဖြစ်ကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**မအေးချမ်းမြတ်မွန်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်စိုးဝေ(LL.B,LL.M) အထက်တန်းရှေ့နေ(စဉ်-၅၃၆၂၇)**
**အမှတ်(၆၇၂)၊ မင်းစေတီလမ်း၊ ရွာမအနောက်၊ အင်းစိန်မြို့နယ်၊**
**ဖုန်း-၀၉- ၂၆၈၃၀၈၂၅၇၊ ၀၉-၅၀၇၉၇၂၁**

## အများသိစေရန်ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်နှင့် အမည်(၇/ဒက္ခိဏသီရိအရှေ့ရပ်)၊ ဦးပိုင်/မြေကွက်အမှတ် (ဒ-၂၁၃၈)၊ အကျယ်အဝန်း အလျား(၁၀၀)ပေ x အနံ(၁၀၀)ပေ၊ ဧရိယာ(၀.၂၂၉)ဧကရှိ နှစ်(၃၀) ဂရန်မြေအမျိုးအစားနှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဒေါ်ဆွေဆွေဝင်း (ဘ) ဦးဘိုကြီး ၉/မနမ(နိုင်)၀၅၁၃၆၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခိုင်ခိုင်စိုး(ဘ) ဦးသိန်းစိုး ၈/မကန(နိုင်)၁၂၇၅၇၅က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခိုင်ခိုင်စိုး၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝေဝေမြင့် (စဉ်-၁၇၃၈၉/၂၁) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(ဠ-၇၀၂၁)၊ သော်ကလမ်း၊ ဇဝနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်။ ဖုန်း-၀၉-၂၅၀၂၀၃၀၃၁**

## အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊သန္တေပင်ကျေးရွာအုပ်စု၊ ထိန်စွန်း(၅) လမ်း၊ A(51)၊ ဦးပိုင်အမှတ်(၈၈/၂)မှ ပေ(၅၈' x ၂၀')စတုရန်းပေ အကျယ်အဝန်းရှိ မူလမြေပိုင်ရှင် ဦးဂျပန်ထံမှ အဆက်အစပ်စာချုပ်များအရ နောက်ဆုံးပိုင်ဆိုင်သူ ဒေါ်ဆုပြည့်မိုး ၁၂/ရပသ(နိုင်)၀၇၉၁၁၀ (ဘ)ဦးသန်းမြင့်ထံမှ ယင်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးသူစိုး ၁၂/မရက(နိုင်) ၁၄၇၄၆၇က စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အ ရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဦးကြည်ထွန်း(စဉ်-၆၁၇၃) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၁၂)၊ မြေညီ၊ နတ်ချောင်း(၃)လမ်း၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၇၅၁၇၁**

## ကန့်ကွက်နိုင်ပါကြောင်း

ဝေါမြို့၊ အရှေ့ဘက်ကမ်းရပ်ကွက်၊ ကွင်းအမှတ်(၇၉၉-က)၊ ကျုံတူကွင်း၊ မြေကွက်အမှတ် (A-၉၃^က)၊ ဧရိယာ(၀.၀၅၅)ဧကရှိမြေကို ဝေါမြို့၊ အလင်းရောင်ရပ်ကွက်၊ မင်းလမ်းနေ ဦးနေဝင်းထွန်း (ခ)ထွန်းထွန်း(ခ)ရာဂျားဆယ်ကဒူးအမည်ဖြင့် မြေငှားဂရန်(ခွဲစိတ်အမည်ပြောင်း)ချထားပေးနိုင်ပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောအထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ဝေါမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန် (ခွဲစိတ်အမည်ပြောင်း)လျှောက်ထားခြင်းအားဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝေါမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကြော်ငြာစာ

